# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၆၂)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ - ၆ သို့

# နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း

နေပြည်တော် စက်တင်ဘာ ၂၆

၁။ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သော မဲမသမာမှုများကြောင့်ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံရေးပြဿနာများကို အေးချမ်းစွာပြီးဆုံးစေရန်အတွက် နိုင်ငံရေးနည်းလမ်းမျိုးစုံဖြင့် ညှိနှိုင်းဖြေရှင်းရန် ကြိုးပမ်းခဲ့မှုကို လျစ်လျူရှု၍နိုင်ငံတော်အာဏာကိုမမှန်မကန်သောနည်းလမ်းဖြင့် ရယူရန်ကြိုးပမ်းခဲ့၍သာ တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းရယူ ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

၂။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက် မျှတစွာဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရေးကို မမိုတ်မသုန် ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်သည့် နည်းလမ်းကိုရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရမှုများစွာဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအဟန့်အတားဖြစ်စေခဲ့ရသည်။

၃။ ယနေ့အချိန်တွင် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့် သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ(၁)ရက်နေ့တွင် စတင်ကောက်ယူတော့မည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်လည်းဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်နှင့်အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများစတင်ယှဉ်ပြိုင်ကစား

သတင်းစာမျက်နှာ - ၁၅ သို့



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် လက်ဝှေ့ပြိုင်ပွဲယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် အပြေးပြိုင်ပွဲယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ၃ ရက်သာ လိုတော့သည်။**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်)

# ခရီးသွားလုပ်ငန်းနှင့်ငြိမ်းချမ်းရေး

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ကမ္ဘာ့နိုင်ငံတိုင်းတွင် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့သို့ရောက်လေတိုင်း ဆောင်ပုဒ်တစ်ခုစီထုတ်ပြန်လေ့ရှိသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ"ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး" " TOURISM AND PEACE " ဖြစ်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံအလိုက် အရင်းအမြစ်များပေါ်မူတည်၍ ခရီးသွားလုပ်ငန်းအမျိုးမျိုးရှိသည်။ ယဉ်ကျေးမှုနှင့်ရှေးဟောင်းအမွေအနှစ်ဆိုင်ရာခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာခရီးသွားလုပ်ငန်း၊ စွန့်စားသွားလာပျော်စရာခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်နှင့်အခြားခရီးသွားလုပ်ငန်းအမျိုးမျိုးအား နိုင်ငံအလိုက် အကောင်အထည်ဖော်လျက်ရှိသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သာလွန်ကောင်းမွန်အောင် လုပ်ဆောင်ကြရာမှ ခရီးသွားလုပ်ငန်းများသည် ကမ္ဘာပေါ်တွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းများဖြစ်ပေါ်စေရေးအတွက် " ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်" ကို ၁၉၄၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဦးဆောင်အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ မှာ အဖွဲ့ဝင်အဖြစ်ပါဝင်ထားသည်။ ထိုအဖွဲ့ကြီးကဦးဆောင်ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်စက်တင်ဘာလ ၂၇ ရက်အား " ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့" အဖြစ်သတ်မှတ်ပေးထားသည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားစတင်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်စေရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်တွင်ပြဋ္ဌာန်းခဲ့ပြီး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်များကိုလည်း ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ဆောင်ပုဒ်မှာ လွန်စွာသဘာဝကျလှသည့်ဆောင်ပုဒ်ဖြစ်သည်။ ခရီးသွားဧည့်သည်မှန်သမျှသည် မိမိတို့သွားရောက်လိုသည့်နိုင်ငံနှင့် ဒေသ၏အကြောင်းအရာအချက်အလက်များကို ဦးစားပေးလေ့လာပေလိမ့်မည်။ ထိုသို့လေ့လာသည့်အချက်များတွင် အဓိကအားဖြင့်တည်ငြိမ်အေးချမ်းခြင်းရှိ၊ မရှိကို ထည့်သွင်းတွက်ချက်ကြပေလိမ့်မည်။ လက်ရှိကမ္ဘာကြီး၏အနေအထားကြောင့် ခရီးသွားလုပ်ငန်းမှာ ငြိမ်းချမ်းရေးနှင့်ဆက်စပ်နေသည့်အတွက် မည်သည့်ဒေသမဆို ငြိမ်းချမ်းရေးရရှိအောင်လက်တွဲဆောင်ရွက်ကြရန် ယခုနှစ်အတွက်ဆောင်ပုဒ်ကညွှန်းဆိုလျက်ရှိသည်။

ခရီးသွားလုပ်ငန်းမှာ အစိုးရအချင်းချင်းဆက်ဆံမှု၊ အစိုးရနှင့်ပုဂ္ဂလိကဆက်ဆံမှု၊ ပုဂ္ဂလိကအချင်းချင်း အပြန်အလှန်ဆက်သွယ်ဆက်ဆံမှုတို့ကိုတိုးတက်ကောင်းမွန်စေပြီး ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု၊ ယဉ်ကျေးမှုနှင့်သတင်းအချက်အလက်မျှဝေဖလှယ်မှုတို့တွင် ထိရောက်သောကောင်းကျိုးများဖြစ်ပေါ်စေသည်။ အဆိုပါအလေ့အထများကို အာဆီယံနှင့်မဟာမဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းဖိုရမ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာအစည်းအဝေးများတွင် ထူထောင်ဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်စိန်ခေါ်မှုများတွင် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့သည် အဓိကကျသောအချက်များဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏စီးပွားရေးကိုအထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ခရီးသွားလုပ်ငန်းကိုဆောင်ရွက်ရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ပြည်တွင်း၊ ပြည်ပခရီးသွားများတိုးတက်လာစေရန် မဟာဗျူဟာလုပ်ငန်း စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သဘာဝတရားကြီးကပေးထားသည့်အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်မြေအောက်သဘာဝသယံဇာတအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိသည်။

အဆိုပါသဘာဝအရင်းအမြစ်နှင့်ယဉ်ကျေးမှုအမွေအနှစ်များကိုအခြေခံပြီး ခရီးစဉ်ဒေသနှင့်ခရီးသွားဆွဲဆောင်မှုအဖြစ်ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့်ခရီးသွားလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတိုင်းတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ခရီးသွားလုပ်ငန်းတွင်ကျယ်လာသည်နှင့်အမျှ ဆင်းရဲမှုလျော့နည်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများပိုမိုတိုးပွားလာမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် **ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး** ဆောင်ပုဒ်နှင့်အညီ မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်အောင်မြင်ရေးကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂိ၏သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအားကူညီထောက်ပံ့နိုင်ရန်အတွက် ၂၈-၉-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ(၂)နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | ဒေါ်လှဲ့လှဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊ | ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁ |
| (၂) | ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ | ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁ |
| (၃) | ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊ | ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁ |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ပုဗ္ဗသီရိမြို့နယ် ကျေးရွာလေးရွာ၌ သန့်ရှင်းသောသောက်သုံးရေများ ပေးဝေလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာလေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေများရရှိသုံးစွဲနိုင်စေရန်ရည်ရွယ်၍ စက်တင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကျေးရွာများသို့ သောက်သုံးရေများ ပေးဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများပေးဝေလှူဒါန်းရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကိုကိုနှင့်ဝန်ထမ်းများက ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေဘေးသင့်ခဲ့သည့် အေးမြင့်သာယာကျေးရွာအပါအဝင် ကျေးရွာလေးရွာသို့ သန့်ရှင်းသောသောက်သုံးရေများပေးဝေရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သောက်သုံးရေများပေးဝေလှူဒါန်းခြင်းကို ပုဗ္ဗသီရိမြို့နယ်အတွင်း ရေဘေးသင့်ခဲ့သည့် ကျေးရွာလေးရွာ၌ ဌာနပိုင် ရေသန့်စင်စက်ကြီးဖြင့် သောက်သုံးရေဂါလန် ၂၃၀၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ရေဘေးသင့်ကျေးရွာများအား အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရေးဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နော်လူး**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၆

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

(မိုး/ဇလ)

မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**စေတုတ္တရာ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တယ်ဇားကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက စက်တင်ဘာလ ၂၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တယ်ဇားကျေးရွာ၌ စင်မြင့်ရေစင် တည်ဆောက်နေမှုအခြေအနေများ၊ ကျေးရွာရေစက်ရုံ Chain Link ကာရံခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမှ တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်



အညီ လုပ်ငန်းများအချိန်မီ ပြီးစီးရေးအလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

တယ်ဇားကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ၉၈ ပေ၊ အမြင့် ၆ ပေ ရှိသော ကျေးရွာရေစက်ရုံ Chain Link ကာရံခြင်းလုပ်ငန်း၊ တစ်နာရီရေသန့် ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှ ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် ၂ ဒသမ ၂ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၂ သန်းအသုံးပြုပြီး ဩဂုတ်လ ၁၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဆင်း

**ပင်လောင်း စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တောင်ထိဗွာ ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ စက်တင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဆင်းပွဲကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ပင်လောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်မင်းထွန်းက ထူးချွန်သင်တန်း သားများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်သည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးထွေးက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းကို အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေး စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၅)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၂၄(သောကြာနေ့)

၁။ ၇:၂၅ ဓမ္မပူဇာတေး
၂။ ၇:၄၀ မျိုးချစ်တပ်မတော်
၃။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၄။ ၁၁:၅၀ မြန်မာ့လက်သံ
၅။ ၁၂:၄၀ မြန်မာ့ရှုခင်း
၆။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၇။ ၁၆:၀၆ တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း
၈။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၉။ ၁၈:၁၅ အတွေးအမြင်
၁၀။ ၁၉:၀၀ **(၁၉၉၅) ခုနှစ်၊ မြဝတီအငြိမ့်ပြိုင်ပွဲ ရွှေနေကြာအငြိမ့်(ပထမပိုင်း) (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
  မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး

❖ သည်ရေမြေ သည်တောင်တောတို့
ရှုမောမဆုံး သာယာစည်။
သဘာဝ အရင်းအမြစ်များနဲ့
ဆန်းပြားစုံညီ။
ချစ်စရာ့ တို့ရွှေပြည်
စိမ်းမြကြည် အလှတရား။
ရိုးရာဟန် ဒေသအလိုက်ရယ်
သိုက်မြိုက် ခမ်းနား။

❖ ဘာသာ သာသနာ တင့်တယ်ကြွားလို့
ပြည်တစ်လွှား လှပေါင်းမြိုင်။
ဘုရားစေတီ ဂူကျောင်းစုံစွ
ဖူးမဝနိုင်။
ဓမ္မသံလွှမ်း ဂုဏ်သတင်းလှိုင်
အလှပြိုင် ရှုခင်းများ။
အပန်းဖြေ ကမ်းခြေစခန်းတွေလည်း
ညို့စွမ်းနိုင်အား။

❖ ရိုးရာဟန် ယဉ်ကျေးမှု တို့
ရှုမြင်ရ ချမ်းမြစေ။
ဘယ်နေရာ ဘယ်ဆီသွားသွား
ရိုးသားဂုဏ်သရေ။
သဘောထားလှ မြတ်ကောင်းမွေ
ဆက်ခံလေတဲ့ မူစရိုက်။
ခရီးသွားတစ်တွေ အထူးအာရုံစိုက်လို့
ပျော်ပိုက် နှစ်ခြိုက်။

❖ နယ်ပယ်စုံ ကမ္ဘာတစ်လွှားက
စိတ်ဝင်စား ပျော်ရာမြေ။
"ခရီးသွား နှင့် ငြိမ်းချမ်းရေး" တွက်
လက်ကမ်းနိုင်စေ။
လူမှုစီးပွား ဖွံ့ဖြိုးကာလေ
ပြည့်ဝင်ငွေပါ တိုးလေရ။
"ငြိမ်းချမ်းမှုနဲ့ ဒွန်တွဲနေ
တူယှဉ်ကာလေ ဖော်ဆောင်မှ"။
"မြန်မာ" တဲ့...ကွယ်
ကမ္ဘာရဲ့အလယ် ခမ်းနားထည်ထည်နဲ့
ဆန်းပြားဖွယ် သင်းထုံမြနေတဲ့
ဂုဏ်ယူစွာ ပြည့်ဂုဏ်အလှကို
စိမ်းမြခြယ် ပွားဆင့်ထပ်ကာဖြင့်
ပြောစမှတ်ကျန် မွှေးသတင်းဟပ်စေဖို့
ကျေနပ်ပျော် တသနေရအောင်
လှပေါင်းမြိုင် ပြည့်ဂုဏ်ဆင့်လို့
မြှင့်တင်ပါကြ။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

အမေ့ သေရေးရှင်ရေးကိစ္စတုန်းကတောင် ကျောက်ဖြူမြို့သို့ လိုက်ဖို့ငြင်းဆန်ခဲ့သောကျွန်တော်၊ ခု ကိုယ့်လုပ်ငန်းအတွက် ကျောက်ဖြူသို့ သွားရမည့်ကိစ္စမျိုးမှာ အလွယ်တကူသဘောတူလိုက်ခြင်းကို ကိုယ့်ကိုယ်ကိုယ်အံ့ဩသလိုဖြစ်သွားသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် အဖေ၏ဘဝ ပြန်လည်ထူထောင်ရေးတွင် အထောက်အကူဖြစ်စေရေးအတွက် မိဘကျေးဇူးဆပ်နေသည်ဆိုခြင်းကို နောင်တွင်စဉ်းစားမိပြီး အသိဝင်လာခဲ့လေသည်။

"အဲလိုဆို သား ကျောက်ဖြူမြို့သွားဖို့အတွက် အဖော်လိုတာပေါ့၊ ဒီရွာကလည်း မြို့သွားမယ့်သူရှိသံမကြားဘူး"

"နေဦးသားရယ် ဟိုးတစ်နေ့က ကုက္ကိုရွာက ကိုဘိုးကျန်အောင် ဒီကိုရောက်လာတယ်၊ သူသန်ဘက်ခါ ကျောက်ဖြူမြို့သွားမယ်ပြောသွားတယ်၊ သားရှင်ပြုဖို့ သင်္ကန်းပရိက္ခရာသွားဝယ်မှာတဲ့"

"ဟုတ်ကဲ့ အဖေ အဲလိုဆို သားကို ကုက္ကိုရွာပို့ပေးပါ၊ အဲဒီဦးနဲ့လိုက်သွားလိုက်မယ်လေ"

နောက်တစ်နေ့တွင် အဖေသည် ကျွန်တော့်ကို ကုက္ကိုရွာသို့လိုက်ပို့သည်။ မျှားလှေခပ်သေးသေးတစ်စင်းနဲ့ အဖေတစ်ယောက်ထဲလှော်ပို့သည်။ ကျွန်တော်က လှေဦးကလှော်ပေးသည်။ ကုက္ကိုရွာမှာ လေကွယ်လှိုင်းကွယ် ဒီရေရောက်တောနှင့်တောင်တန်းကြီးအနားမှာရှိ၍လှေကြီးကြီးမလိုပေ။ ပေသုန်ရွာနဲ့ကုက္ကိုရွာလည်း နီးသည်တော့မဟုတ် လေးနာရီနီးနီး လှော်လိုက်မှရွာသို့ရောက်သည်။ အဖေ့မိတ်ဆွေ ဦးဘိုးကျန်အောင်အိမ်မှာတည်းခိုလိုက်ကြသည်။

"ကိုမောင်အေးစိန်ရေ ကျောက်ဖြူမြို့သွားတာ ပင်လယ်ပြင်ဖြတ်သွားရမှာဆိုတော့ နေ့ခင်းကြီးဆို နေပြင်းတယ် ညဘက်ပဲသွားဖို့လုပ်ထားတယ်"

"ရတယ်လေ ညကျမှသွားကြပေါ့"

"သြော် ဒါနဲ့ ကိုမောင်အေးစိန် မြို့မှာကျောင်းထားတယ်ဆိုတဲ့ သားလား၊ အခု ဒီမှာပိုက်ချနေတာမဟုတ်လား"

"ဟုတ်တယ်ဗျာ ကိုဘိုးကျန်အောင် ဘယ်ကသိတာလဲ"

> **"ညပင်ဖြစ်သော်လည်း လပြည့်ဝန်း၏ မေတ္တာတော်အနန္တကြောင့် ပင်လယ်ရေပြင် မြမြဖွေးကို ပျပျကလေး မြင်နေရ၏။ လှေကတော့ လေတွန်းအားကြောင့် ပြေးမြဲပြေးနေသည်။ ညသန်းခေါင်ကျော်လောက်တွင် နောင်တော်ကြီးပင်လယ်အလွန်တွင် ဘင်္ဂလားပင်လယ်ပြင်ကြီးထဲသို့ ထိုးဆင်းလိုက်သည်။ လှေပဲ့ကိုင် ဦးဘိုးကျန်အောင်က ဘင်္ဂလားပင်လယ်ပြင်ကဆို ကျောက်ဖြူမြို့ဆီသွားရသည်မှာ ပိုနီးသည်ဟုပြောသည် . . ."**

"ဗ.က.ပတွေရွာရောက်ရင် သူတို့ပြောကြတယ်၊ ရန်သူ့စာကို မြို့တက်သင်ပြီး စာမေးပွဲကျလို့ ဟိုမကျဒီမကျနဲ့ ပေသုန်ရွာတောတန်းမှာ တဲထိုးပြီး ပိုက်ချနေတာ တစ်ယောက်ရှိတယ်တဲ့"

ကုက္ကိုရွာသား ဦးဘိုးကျန်အောင် အဖေ့ကိုပြောပြနေသောစကား ကျွန်တော်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရသည်။ ကျွန်တော့်ရင်ထဲမှာ ဗလောင်ဆူသွားသည်။

"အတန်းစာမရှိတဲ့ နိုင်ငံရေးသမား ဆိုသူတွေ ခင်ဗျားတို့ကို ကျုပ်ဆယ်တန်းအောင် ဘွဲ့ရပြီး ကျောင်းဆရာဖြစ်တာမြင်စေရမယ်"

ကျွန်တော် မချိတင်ကဲစိတ်နဲ့ ရင်ထဲက ကြုံးဝါးလိုက်သည်။

● ● ● ● ● ● ●

ည ၆ နာရီဝန်းကျင်တွင် ကျွန်တော်တို့ကူးတို့ ကုက္ကိုရွာလှေဆိပ်မှ စတင်ထွက်ခွာလာကြသည်။ ပေသုန်ရွာနှင့် ကုက္ကိုရွာအကြား ရေပြင်ကျယ်ကြီးကို ရောက်သည်။ မြောက်လေညင်းညင်း တိုက်ခတ်နေသည်ကိုတွေ့၍ ရွက်တိုင်ထူပြီး ရွက်ဖွင့်လိုက်ကြရာ လှေသည် လှိုင်းခေါင်းဖြူများကို ဖိနင်းပြီး ပြေးနေပေတော့သည်။ ပေသုန်ကျွန်းကို လက်ယာထားပြီး ရွက်လွှင့်ထားခဲ့ရာ နောင်တော်ကြီး၊ နောင်တော်လေးရေလက်ကြားက ဖြတ်ကျော်လိုက်သည်နှင့် နောင်တော်ပင်လယ်ပြင်ထဲ ရောက်သွားတော့သည်။ ကျွန်တော်တို့ ပသျှူးပိုက်မျှောသည့်နေရာပေတည်း။ ကျောက်ဖြူမြို့နယ်အတွင်းက စနဲ၊ အဝတောင်၊ သဇင်ကျွန်း၊ အစိုင်းကြီးစသော ရွာသားများသည်လည်းကောင်း၊ မြေပုံမြို့နယ်က ပေသုန်၊ နောင်တော်၊ ကျွန်းသာယာ၊ ပြင်ချောင်း၊ ကုက္ကိုနှင့် လူပျိုတောင်ရှည် ရွာသားများသည်လည်းကောင်း ဤနောင်တော်ပင်လယ်ကိုအမှီပြုပြီး ပသျှူးပိုက်ချခြင်းဖြင့် အသက်မွေးကြကုန်၏။

ညပင်ဖြစ်သော်လည်း လပြည့်ဝန်း၏ မေတ္တာတော်အနန္တကြောင့် ပင်လယ်ရေပြင်မြမြဖွေးကို ပျပျကလေးမြင်နေရ၏။ လှေကတော့ လေတွန်းအားကြောင့် ပြေးမြဲပြေးနေသည်။ ညသန်းခေါင်ကျော်လောက်တွင် နောင်တော်ကြီးပင်လယ်အလွန်တွင် ဘင်္ဂလားပင်လယ်ပြင်ကြီးထဲသို့ ထိုးဆင်းလိုက်သည်။ လှေပဲ့ကိုင် ဦးဘိုးကျန်အောင်က ဘင်္ဂလားပင်လယ်ပြင်ကဆို ကျောက်ဖြူမြို့ဆီသွားရသည်မှာ ပိုနီးသည်ဟုပြောသည်။ သင်္ဘောသွားလမ်းအတိုင်းသွားလျှင် ကြက်တောပြင်ရေလက်ကြားက ကျောက်ဖြူမြို့သို့ ဖြတ်ကူးရာတွင် ရေတက်နဲ့ဆို ရေဆန်တိုးရသဖြင့် အခက်အခဲရှိသည်ဟုဆိုသည်။

မနက်လင်းအရုဏ်တွင် ကျွန်တော်တို့လှေ တံခါးရိုးတောင်တန်းနှင့် ဇွန်ပန်းချိုင်ကျွန်းအောက်ဘက် ပင်လယ်ပြင်ထဲသို့ ရောက်ခဲ့ကြလေပြီ။ ကျောက်ဖြူမြို့သို့ ရောက်ရှိနိုင်ရေးအတွက် လှေကို ကျောက်ဖြူမြို့တည်ရှိသည့် ရမ်းဗြဲကျွန်းမြောက်ဘက်သို့ လှည့်ပေးလိုက်ရာ လေကြောင်းလွဲသလိုဖြစ်သွားသဖြင့် ရွက်ကို လေမဝင်တော့ဘဲ ရွက်မှာ ဖလက်ဖလက်ခတ်ကာ တဖျပ်ဖျပ်အသံမြည်ပြီး လှေသည်ရှေ့သို့ ဟုတ်တိပတ်တိ မရွေ့တော့သလိုဖြစ်သွား၏။ လှေအသွားနှေးသွားသဖြင့် လှိုင်းသည် လှေကိုကောင်းကောင်းကိုင်လှုပ်လာတော့သည်။

"ကဲ ကဲ ရေလည်းတက်လာပြီ ရွက်ချလိုက်ကြတော့ တက်ခတ်ကြမယ်"

ဦးဘိုးကျန်အောင် ပြောအပြီးမှာ ကျွန်တော်တို့ရွက်ကိုချလိုက်ကြပြီး ရွက်တိုင်မှာ ကြိုးနဲ့ပတ်လိပ်ချည်ပြီး လှေနံတွင် အလျားလိုက် ချထားလိုက်ကြသည်။ ပင်လယ်ဒီရေကလည်း အရှိန်ပြင်းပြင်း တက်နေပြီဖြစ်၍ ခတ်တက်နှစ်စင်း ပြိုင်တူဆွဲခတ်လိုက်ချိန်တွင် လှေမှာ အလျင်စလိုပြေးနေပေတော့သည်။ ကျွန်တော်တို့ ခတ်တက်ခတ်ပြီး ဖြတ်သန်းလာသောနေရာမှာ ၁၉၅၇ ခုနှစ်ဝန်းကျင်လောက်က ပင်လယ်ကမ်းရိုးတန်းသွား ပင်လယ်ကူးသင်္ဘောကြီး "ပြည်တော်သာ" ကျောက်ဆောင်နဲ့ထိပြီး နစ်မြုပ်ခဲ့သော နေရာပင်ဖြစ်သည်။ နံနက်ခင်းအချိန် ပင်လယ်ပြင်ထဲတွင် ရေတက်ဦး လှိုင်းလုံးများနှင့် အရှေ့လေတို့ လက်ခုပ်လက်ဝါး ရိုက်ခတ်နေကြရာ တဝုန်းဝုန်းအသံထွက်ကာ ရေပန်းပွင့်ကြီးများ ဖျန်းခနဲ ဖျန်းခနဲ ဖြာထွက်သွားကြသည်။ လှိုင်းရိုက်ခတ်မှုကြောင့် တစ်ကိုယ်လုံး စိုရွှဲနေပြီး လှေဝမ်းဗိုက်ထဲသို့ ရေတွေ ပန်းဝင်လာသဖြင့် ရေပက်ခန်းသို့ ဆင်းပြီး မကြာမကြာ ရေပက်ထုတ်ပေးရသည်။

နံနက် ၇ နာရီဝန်းကျင်လောက်တွင် ရမ်းဗြဲကျွန်းမြောက်ဘက်စွန်း ကျောက်ဖြူမြို့ကို မြင်နေရပေပြီ။ မြို့အစွန်ပင်လယ်ကမ်းစပ်၌ အင်္ဂလိပ်တို့အုပ်ချုပ်စဉ်က ကျောက်ဖြူခရိုင် အရေးပိုင် "မောရစ်ကောလစ်" (Maurice Collis) နေထိုင်ခဲ့သော ရေနံချေးဝနေသည့်အိမ်ကိုလည်း မြင်နေရပေပြီ။ ကျွန်တော် ကျောက်ဖြူမြို့မှာ ကျောင်းတက်တုန်းက လမ်းလျှောက်ရင်း ခဏခဏရောက်ခဲ့သော နေရာပင်ဖြစ်သည်။ လှေပဲ့ကိုင်သည် လှေကိုကမ်းခြေအနီးသို့ကပ်ပြီး ကျောက်ဖြူမြို့သင်္ဘောဆိပ်အနီးက ကပ်လျက်ပဲ တက်ခတ်စေလိုက်သည်။ ရေကြီးရေထရက်ဖြစ်၍ လှေမှာ တော်တော်ပြေးအားကောင်းသည်၊ သမ္ဘာန်ချောင်း လွန်သည်ဆိုလျှင်ပဲ မြစ်နားတန်းဆိပ်ကမ်းသို့ ရောက်လာခဲ့ကြပြီဖြစ်၍ ကမ်းစပ်တွင် လှေကို ထိုးကပ်လိုက်တော့သည်။

ကျွန်တော်သည် လွယ်အိတ်ကလေးကို ဆွဲပြီး ခပ်သွက်သွက် လှမ်းတက်လိုက်သည်။ အခန်းဖော်ကျောင်းတက်ဖက် သူငယ်ချင်းတွေကို သွားတွေ့သည်။ ထွန်းဝင်းက ကျန်းမာရေးဝန်ကြီးဌာနတွင် ကျေးလက်ကျန်းမာရေးမှူး၊ ချမ်းအောင်က စာမေးပွဲကျလို့ တပ်ထဲဝင်သွားသည်ဟု သိရသည်။ ရွှေမြကတော့ စာမေးပွဲအောင်သော်လည်း အစိုးရဌာနတွေမှာ အလုပ်မလုပ်ဖြစ်။ အရောင်းအဝယ်လုပ်သလိုလို ဘာလိုလို လုပ်နေသည်ကို တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

## စဥ့်ကိုင်မြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သည့် စပါးခင်းများတွင် ဖြုတ်ညှိုပိုး ကျရောက်ဖျက်ဆီးမှုကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေး



စဥ့်ကိုင် စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူများသည် စက်တင်ဘာလ ၂၅ ရက်က ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ်တွင် ရေကြီးနစ်မြုပ်ခဲ့သည့် စပါးစိုက်တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး စပါးခင်းများတွင် ဖြုတ်ညှိုပိုး ကျရောက်ဖျက်ဆီးမှု ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးရာ ရေကြီးနစ်မြုပ်မှုခံခဲ့ရသည့် စပါးစိုက်တောင်သူ ၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် စဥ့်ကိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သောလယ်ယာမြေများ ပြန်လည်ပြုပြင်ခြင်းနည်းလမ်းများနှင့် ရေကြီးနစ်မြုပ်ခဲ့သည့်စပါးခင်းများ ဖြုတ်ညှိုပိုးကျရောက်ဖျက်ဆီးမှု ကာကွယ်နှိမ်နင်းခြင်းအကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မန္တလေးမြို့နှင့် စဥ့်ကိုင်မြို့နယ်တို့မှ စိုက်ပျိုးရေးဆေးဆိုင်များ၊ ဆေးကုမ္ပဏီများနှင့် ပလိပ်မြို့ တမာပိုးသတ်ဆေးစက်ရုံတို့မှ လှူဒါန်းသည့် တန်ဖိုးငွေ ငွေကျပ် ၃၄ သိန်းကျော်တန်ဖိုးရှိ ပိုးသတ်ဆေး၊ တမာပိုးသတ်ဆေးနှင့် ဆေးဖျန်းပုံးများကို ကျေးရွာ ၁၄ ရွာမှ ရေကြီးနစ်မြုပ်ခဲ့သော စပါးစိုက်တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မပြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံလေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် စစ်ဘက်ဆိုင်ရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့်အတူ စစ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# (၂၁)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်




နေပြည်တော် စက်တင်ဘာ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်အတူ စက်တင်ဘာလ ၂၄ ရက် နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၂၁)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာသင်းရှယ်ရှန့်၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ အာဆီယံနိုင်ငံများမှဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ကုန်စည်ပြပွဲဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာသင်းရှယ်ရှန့်၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များက အဖွင့်မိန့်ခွန်းပြောကြားကြပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ် အန်နဝါအီဗရာဟင်က ဗီဒီယိုဖိုင်ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နှင့်အာဆီယံနိုင်ငံများမှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ (၂၁) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသလျက်ရှိသည့် မြန်မာလုပ်ငန်းရှင်များ၏ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပြပွဲ၌ မြန်မာနိုင်ငံမှထုတ်လုပ်သည့် အာရေဗီးကာကော်ဖီ (Arabica Coffee)၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းထွက်ကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာများ အပါအဝင် ပြခန်း ၈၄ ခန်း ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါ (၂၁)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၁) ကြိမ်မြောက် တရုတ် - အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို ချစ်ကြည်ရင်းနှီးမှု၊ ခင်မင်လေးစားမှု၊ ဖွံ့ဖြိုးတိုးတက်မှုများအပြန်အလှန်ရရှိရန်၊ တရုတ်-အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ ၃.၀ ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရန်နှင့် တရုတ်-အာဆီယံဒေသတွင်း အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

စက်တင်ဘာလ ၂၃ ရက် ညနေပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် နှစ်လိုဖွယ်ရာမြို့ မြန်မာပြခန်းဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆ / ၂၀၂၄)**
၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက်လည်းကောင်း၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် လည်းကောင်း အစီအမံများချမှတ်ခြင်း၊"

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဆောင်ရွက်ရန် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော် လည်းကောင်း ထိုသူကို နှစ်နှစ်ထက် မပိုသောထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သိန်းနှစ်ရာမှ အများဆုံး ကျပ်သိန်းသုံးထောင်အထိ ငွေဒဏ်ချမှတ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန သမဝါယမအသင်းဖွဲ့စည်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ အသိပညာပေးဆွေးနွေးပွဲများကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

သမဝါယမအသင်းဖွဲ့စည်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။



အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညဏ်ဝင်းမောင်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ထမ်းများအားလုံး သမဝါယမအသင်းဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းသည့် ဟောပြောချက်များအား သေချာစွာလေ့လာမှတ်သားကြရန်နှင့် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝိုင်းဝန်းဆွေးနွေးပြီး မိမိတစ်ဦးချင်းမှစ၍ မိမိအဖွဲ့အစည်း၊ မိမိ၏ဌာနအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်ပါဝင်၍ သမဝါယမအသင်းသားကောင်းများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။


ဆက်လက်၍ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနတွင် သမဝါယမစနစ်ကိုထူထောင်၍ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သမဝါယမအသင်းများ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အသိပညာပေးဟောပြောပွဲ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဦးကီးလိန်းက ကလေးအလုပ်သမားဆိုင်ရာ အခြေခံအချက်များနှင့် ဥပဒေရေးရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များရှင်းလင်း၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သဉ္ဇာနိုင်က ကလေးအလုပ်သမားဆိုင်ရာ ဥပဒေကောက်နုတ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားမှုများပြုလုပ်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

## မိုးလေဝသ သတင်း




## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၇-၉-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသား စကားပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

# ဝါကြိတ်စက်ရုံ(ရမည်းသင်း)၌ လက်တွေ့စမ်းသပ်လည်ပတ်၍ ဝါကြိတ်ခွဲနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ဝါကြိတ်စက်ရုံ(ရမည်းသင်း)သို့ရောက်ရှိပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းတို့ ပူးပေါင်း၍ ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်ခွဲစက်အား နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့်မောင်းနှင်အသုံးပြုနိုင်ရေးအတွက် ဆိုလာပြားများတပ်ဆင်ထားရှိမှု၊ လက်တွေ့စမ်းသပ်လည်ပတ်၍ ဝါကြိတ်ခွဲနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီးမရရှိသည့် ဒေသများရှိ တောင်သူများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ဝါများကြိတ်ခွဲနိုင်ရေးအတွက် စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ အဆင့်မီချည်များထုတ်လုပ်နိုင်ပါက ပြည်ပမှ ချည်တင်သွင်းရမှုကိုလျှော့ချနိုင်မည့်အပြင် အဆင့်မီပိတ်များ ရက်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် ဝါကြိတ်ခွဲခြင်းလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်လာပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သောကြောင့် ကြိုးစားဆောင်ရွက်ကြရန်မှာကြားသည်။

ယခုစမ်းသပ်လည်ပတ်သည့် ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်သည် အိန္ဒိယနိုင်ငံထုတ် Bajaj အမျိုးအစားဖြစ်ပြီး တစ်နေ့လျှင် ဝါပိဿာ ၆၀၀ ကျော် ကြိတ်ခွဲထုတ်လုပ်နိုင်ပြီး ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်များကို နေရောင်ခြည်စွမ်းအင်ဖြင့် လည်ပတ်နိုင်ရေးအတွက် ဆိုလာတစ်ချပ်လျှင် ၆၆၅ ဝပ် ထွက်ရှိသည့် ဆိုလာပြား ၁၄ ချပ်အား တွဲဆက်ပြီး ၇ ဒသမ ၅ ကီလိုဝပ် ဟိုက်ဘရစ်အင်ဗာတာအသုံးပြု၍ ဝါကြိတ်စက်အား စမ်းသပ်ဝါကြိတ်ခွဲနေခြင်းဖြစ်ကြောင်း သိရသည်။

(၅၀၀)

# မြစ်ကြီးနားမြို့နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုစဉ်။




ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီဝံပရိယတ္တိကျောင်းတိုက်၌ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောသံဃာတော်များအားနယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကဒစ်ကျေးရွာရှိ ဒေသခံပြည်သူ ၇၁ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဝိစာရရာမကျောင်းတိုက်၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များမှ အလှူငွေများလှူဒါန်း




**နေပြည်တော် စက်တင်ဘာ ၂၆**

ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ငွေကျပ် ၆၀၃၀၀၀၀၊ Royal Shambella Co.,Ltd. မှ ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ် ၁၆၀၃၀၀၀၀ ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ငူမြို့နှင့် မဒေါက်မြို့ ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ထူးခြားသည့်နေ့အပူချိန်များ

၂၆-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| မန္တလေး | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီ (၁၃၇) ခုအနက် ပို့ကုန်ရငွေ စာရင်းရှင်းလင်းပြီးသော ကုမ္ပဏီ(၅၉)ခုနှင့် ယင်းကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းမှပယ်ဖျက်ကြောင်း ကြေညာချက်

## အသိပေးကြေညာချက်

၁။ ၂၀၁၉ ခုနှစ်တွင် ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ (၁၃၇) ခုအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့်ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်းနှင့် ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေ ဝင်ရောက်ရန် ကျန်ကုမ္ပဏီများအားလည်း အရေးယူဆောင်ရွက်ရန် ဆက်လက်စိစစ်လျက်ရှိကြောင်း (၄-၆-၂၀၂၂) ရက်စွဲပါသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ ယင်းကုမ္ပဏီ (၁၃၇) ခုအနက် ကုမ္ပဏီ (၅၉) ခုမှာ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်ပြီးဖြစ်သဖြင့် အဆိုပါကုမ္ပဏီ (၅၉) ခုနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမည်မည်းစာရင်းမှပယ်ဖျက်ကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၂၆-၉-၂၀၂၄)

### ၂၀၁၉ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီများအနက် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ပြီးသော ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | A.T.M INTERNATIONAL COMPANY LIMITED | KYAW KYAW WIN | NO.4/6 ANAWYAHTA STREET8(C),(5)QUARTER PAZUNDOUNG TOWNSHIP, YANGON | 12/PABATA(AEI)000412 |
| | | MA OHN MYINT | | 12/TAMANA(N)099606 |
| | | RA HA NA | | 12/PABATA(AEI)000723 |
| 2 | ABSOLUTE METAL COMPANY LIMITED | AUNG PHYO @ MYINT THU @ SAI LON | YAW ATWIN WUN U PHO HLAING STREET NO.(93)SHWE LIN PAN INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION 09973434888 | 13/KATANA(N)073334 |
| | | LINN THU @ AUNG MOE | | 13/KATANA(N)111747 |
| | | MYINT SEIN @ YON SEIN | | 12/LAMATA(N)023524 |
| | | THANDAR HTUN @ KHIN KHIN CHAL @ NAN VOE LYAO | | 13/KATANA(N)089008 |
| 3 | ARCHIPELAGO SEAMEN CLUB COMPANY LIMITED | BO BO TUN | Principal Place Of Business In Union-52 A DOCKYARD STREET, DAWBON, YANGON | 5/KANANA(N)034860 |
| | | MYAT THIDAR | | 12/TAMANA(N)121911 |
| 4 | ARYAN GROUP COMPANY LIMITED | DAW SITA DEVI | BOGALAY ZAY STREET, NO.(39/B), 6TH FLOOR , (7) WARD , BOTAHTAUNG TOWNSHIP,, YANGON | 9/MAYAMA(N)083414 |
| | | U RAM AWADESH | | 7/PHAMANA(N)092327 |
| 5 | ASIA LACE EMBROIDERY COMPANY LIMITED | DAW CHO PA PA | WAT MA SOUK WUN HTUNT STREET NO. 193144WARD,SOUTH DAGON(EAST) INDUSTRIAL ZONE,DAGON MYOTHIT(SOUTH)TSP, YANGON REGION | 12/DAGATA(N)113638 |
| | | DAW KHIN THET MON | | 12/DAGATA(N)061174 |
| | | DAW LI SHE MEI | | 13/KAKHANA(N)016570 |
| | | DENG YANGWEN | | E90494013 |
| | | LIN HSUEH LIANG | | 306197795 |
| 6 | ASIA WIN MANUFACTURING COMPANY LIMITED | DAW AISHA BI BI | BO MIN YAUNG STREET, NO.(129), MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/PABATA(PYU)000513 |
| | | DAW THI THI WIN | | 12/PAZATA(N)029527 |
| | | MS.MOHAMED HANIFA JERDHAWS BHANU | | Z3084005 |
| | | U AUNG NAING WIN | | 12/MAGATA(N)089674 |
| | | U MYO MIN OO | | 1/MAKANA(N)083396 |
| | | U NAY WIN | | 12/MAGATA(N)008851 |
| | | U NYUNT WIN | | 12/MAGATA(N)033970 |
| | | U TINT TUN WAI | | 12/AHLANA(N)040935 |
| 7 | AUSI MYANMAR COMPANY LIMITED | DAW KHIN KYU KYU SHEIN | THU DA THA NA 1 STREET, NO-40/B THIN GAN GYUN TOWNSHIP , YANGON REGION | 5/KHATANA(N)000900 |
| | | U MYINT AUNG | | 13/LAYANA(N)030813 |
| 8 | CHUE YADANAR TRADING COMPANY LIMITED | CHUE YADANAR MYO | NEIK BAN STREET, NO.(37), 4 FLOOR THARDU EAST WARD, KYEEMYINDINE TOWNSHIP, YANGON REGION | 12/KAMATA(N)072849 |
| | | WIN MYO THET | | 8/TATAKA(N)014188 |
| | | WIN ZAW | | 10/MALAMA(N)017045 |
| 9 | EDELLE GENERAL TRADING COMPANY LIMITED | DAW HSU MON AUNG | NO.677, BYAMASO STREET, 4B,4/6 BLOCK, SOUTH OKKALAPA TOWNSHIP, YANGON REGION | 5/SAKANA(N)197957 |
| | | KU EUN YOUNG | | M52626436 |
| 10 | GAN DA MAR NA THE COMPANY LIMITED | KYAW WIN TUN | 7TH-FLOOR(B),NO(.140), KAN WEST WARD, MINGALAR TAUNG NYUNT T/S, YANGON | 10/PAMANA(N)219165 |
| | | SOE NAING | | 10/PAMANA(N)092672 |
| | | TIN AYE | | PAG-166650 |
| | | WIN SANDY AUNG | | 12/YAKANA(N)082325 |
| | | YE WIN TUN | | 10/PAMANA(N)219164 |
| | | WIN THEIN | | 10/PAMANA(N)092673 |
| 11 | GREAT MOUNT SILVER TRADING COMPANY LIMITED | U ZAW MIN TUN | NO.94, 37TH STREET (MIDDLE)GROUND FLOOR5-WARD, KYAUKTADA TOWNSHIP, YANGON | 12/AHSANA(N)158100 |
| 12 | GREEN LAUREL PHARMACEUTICAL TRADING COMPANY LIMITED | U MYINT NAING | MYA YAR GONE STREET, NO.(16), SHWE MYA YAR HOUSING, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/THAGAKA(N)138872 |
| | | U THEIN WIN | | SPTA-038768 |
| 13 | H B N COMPANY LIMITED | AYE MYA THIDAR | NGA. HTUT KYEE PAGODA STREET 107/109 BAHAN, YANGON REGION | 7/TANGANA(N)134521 |
| | | MR LEE MOO SOO | | M 35731962 |
| 14 | HARRIER COMPANY LIMITED | NYI NYI HTWE | 21/26 SHWE OHN PIN HOUSING.YANSHIN ROAD. YANKIN TOWNSHIP, YANGON REGION | 13/YASANA(N)054810 |
| 15 | HAY SHAN SMILE COMPANY LIMITED | KYI MIN | NO.(115), 92 STREET, KAN SHAE WARD, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/KAMANA(N)099792 |
| | | WIN WIN MAW | | 12/KAKHAKA(N)060953 |
| 16 | H-HTET COMPANY LIMITED | DAW LAE LAE WIN | BALEKA 11TH STREET NO.325/A 10 TH BLOCK , SOUTH OKKALAPA TOWNSHIP, YANGON | 12/OUKATA(N)016858 |
| | | U THET KO KO OO | | 12/OUKATA(N)156339 |
| | | U YAN NAING LIN | | 12/OUKATA(N)177849 |
| 17 | INFRA TRADE COMPANY LIMITED | HTIN LIN AUNG | NO(130/1), THAN THU MAR ROAD 7 FLOOR SOUTH OKKALAPA TOWNSHIP, YANGON REGION | 12/SAKHANA(N)058308 |
| | | KHIN MAUNG WIN | | 12/MAGADA(N)079692 |
| | | U THAN LWIN | | 12/YAKANA(N)026355 |
| 18 | K L T ENTERPRISE LIMITED | DAW KYI KYI MYA | NO.576, STRAND ROAD, LANMADAW TOWNSHIP, 1ST FLOOR, YANGON, MYANMAR | 12/PABATA(N)029621 |
| | | U TOE LAY | | 12/LAMADA(N)018630 |
| 19 | KHAING & HLAING TRADING COMPANY LIMITED | MIN KHAING | INYAR MYAING ROAD,NO.(23/8), GOLDEN VALLEY (2), BAHAN TOWNSHIP, YANGON REGION | 5/SAKANA(N)005685 |
| | | SIZAR YU HLAING | | 9/MAKANA(N)092679 |
| 20 | KHIN HOKE FAMILY & GROUP COMPANY LTD | DAW CHAN MYAE KYAW | 6-STREET, NO.(67/2), 14-QUARTER, SOUTH OKKALAPA TOWNSHIP, YANGON REGION | 12/OUKATA(N)128820 |
| | | DAW THINZAR TUN | | 12/OUKAMA(N)187688 |
| | | DR. KHIN LAT LAT MON | | 12/OUKATA(N)120208 |
| | | U HTET LIN AUNG | | 12/OUKATA(N)163821 |
| | | U KHANT MIN THEIN | | 12/OUKAMA(N)214353 |
| | | U KYAW LWIN | | 7/PAKHANA(N)174808 |
| | | U NYI ZAW MYINT | | 12/OUKATA(N)199689 |
| | | U WAI LWIN OO | | 12/AHSANA(N)097573 |
| 21 | LILYPAD COMPANY LIMITED | DAW AYE MIN KHAING | AH-MA- KA (49) KYAUNG STREET NO.(100),TAUNG THU GONE WARD, INSEIN TOWNSHIP,YANGON | 12/AHSANA(N)184316 |
| | | DAW NANG SEIN NWE OO | | 13/TAKANA(N)220850 |
| | | U SETT TUN KHAING | | 12/AHSANA(N)181982 |
| | | U SHWE KHINE | | 12/AHSANA(N)045333 |
| 22 | LIN EMPIRE BUSINESS GROUP COMPANY LIMITED | SAN SAN MYINT | NO.5, AYE THARYAR STREET, MAN AUNG QUARTER,TAMWE TOWNSHIP YANGON REGION | 12/MAGATA(N)081968 |
| | | SAW THUREIN HTET | | 12/TAMANA(N)117747 |
| | | THEIN LIN AUNG | | 12/TAMANA(N)002961 |
| 23 | LOYAL EPIC COMPANY LIMITED | DAW KHIN MALAR AYE | 53RD STREET, BUILDING NO.52, 2ND FLOOR, PAZUNDAUNG TOWNSHIP,YANGON REGION | 12/THAGAKA(N)021558 |
| | | DAW KHIN MYAT NANDAR AYE | | 12/THAGAKA(N)173511 |
| 24 | MGAS TRADING COMPANY LTD. | U CHIT KO KO | THIRI KHAY MAR ST. NO. 17, ZAWANA WARD, THINGANKYUN TOWNSHIP, YANGON | 12/THAGAKA(N)203318 |
| | | U MAUNG GYI | | 12/DAGATA(N)008208 |
| 25 | MYANMAR CABLE MART COMPANY LIMITED | PYAYE PHYO TUN | NO. 101-A, DANA AUNG STREET,THUWANA (29) QUARTER, THINGANGYUN TOWNSHIP, YANGON REGION, | 8/GAGANA(N)076494 |
| | | ZAY YAR LWIN | | 12/BATAHTA(N)026834 |
| 26 | MYANMAR SIMCO SONG DA JOINT STOCK COMPANY LIMITED | DUONG VAN TOAN | YANSHIN ROAD,BUILDING (24), ROOM 34,SHWE OHN PIN HOUSING (YANKIN PALM VILLAGE(2)),YANKIN TOWNSHIP, YANGON | C3007556 |
| | | NGUYEN BA KHOAT | | C1350602 |
| | | NGUYEN CONG KIEN | | C3210275 |
| | | NGUYEN MINH HUNG | | B3430733 |
| | | NGUYEN VAN THANTH | | B4975368 |
| 27 | MYANMAR TOP ONE COMPANY LIMITED | DAW THIDA SAN | BUILDING NO.96, NILAR STREET ROOM NO.1,2,3,4,5 SAW BWAR GYI GONE, INSEIN TOWNSHIP, YANGON REGION | 13/NASANA(N)011269 |
| | | U SHWE HTOO | | 13/NASANA(N)022833 |

စာမျက်နှာ ၉ သို့ ➩

➪ စာမျက်နှာ ၈ မှအဆက်

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 28 | MYANMAR WOOD MART CO., LTD (အမည်ပြောင်းထားပါသည်) DAWEI RIVER ENTERPRISE COMPANY LIMITED | DAW NAN KHAM PHAUNG | THIRIYADANA WHOLESALES MARKET NO.J(66) NORTH OHKALAPA TOWNSHIP , YANGON | 13/MAHSATA(N)047901 |
| | | U KAW SHIN HAW | | 13/KAKHANA(N)012216 |
| 29 | MYAT KYAW KYAW COMPANY LIMITED | U KYAW THAN | NO.(1/133),SE PIN STREET,TAUNG THAR WARD,PYINMANA TOWNSHIP, NAYPYITAW, 09450062737, onlineking111@gmail.com | 9/PAMANA(N)088116 |
| 30 | MYO MYANMAR TUNN COMPANY LIMITED | U THU RA | KARYA 6 STREET, NO1/136A MINGALARDON TOWNSHIP, YANGON REGION | 12/LATHAYA(N)003043 |
| 31 | NOBLE GREEN TRADING COMPANY LIMITED | DAW WIN | YAYKU STATION STREET, NO.(44)(8) QUARTER, MAYANGONE TOWNSHIP, YANGON | 11/SATANA(N)000351 |
| | | U AUNG AUNG | | 12/DAGATA(N)046951 |
| | | U THAN WIN | | 12/AHSANA(N)169522 |
| 32 | NYEIN HSU LATT COMPANY LIMITED | DAW NU NU MOE | NO.(833), BO MUE BA HTOO STREET, (133) WARD, DAGON (EAST) TOWNSHIP, YANGON | 12/MAYAKA(N)095337 |
| | | DAW THAE SU SAN | | 5/KATHANA(N)074401 |
| | | U KYAW SWAR HTWE | | 12/MAYAKA(N)109373 |
| | | U THIHA | | 14/KAKANA(N)100664 |
| 33 | ONGOING BUSINESS GROUP LIMITED | DAW KAYTHI WIN AUNG | (40TH) STREET,NO.(242), KYAUKTADA TOWNSHIP, YANGON REGION | 8/THAYANA(N)077031 |
| | | U TUN TUN | | 12/KATATA(N)013577 |
| 34 | PANDAW CRUISES LIMITED | LIN LIN HTUN | NO. 121KYAW SWAR QUARTER, NAUNG U TOWNSHIP, MANDALAY REGION | 12/KAMATA(N)084627 |
| | | WAH WAH MOE | | 9/NYAOUNA(N)161277 |
| 35 | POPA-L COMPANY LIMITED | KHIN NYO LATT | SEIKKAN THAR STREET, NO.(245),GROUND FLOOR, UPPER BLOCK, KYAUKTADA TOWNSHIP, YANGON REGION | 14/PATHANA(N)057316 |
| | | KHIN AYE MYINT | | 14/PATHANA(N)062654 |
| | | TUN CHIT | | 12/KATATA(N)020993 |
| 36 | QUILLING CARD MYANMAR COMPANY LIMITED | DAW AYE AYE SWE | YADANARMON 2ND STREET, AYE YEIK MON HOUSING NO.9,4TH QUARTER, HLAING TOWNSHIP, YANGON | 12/DAGANA(N)022625 |
| | | HNIN SABEI SWE | | 12/DAGANA(N)022627 |
| 37 | RAJU INTERNATIONAL TRADING COMPANY | U ZAW NAING | SYI BIN STREET,NO.(79), 24 QUARTER, DAGON MYOTHIT (SOUTH TOWNSHIP, YANGON | 3/BAAHNA(N)319664 |
| 38 | RED PEACOCK COMPANY LIMITED | DAW TIN ZAR MAW | ANAW YAHTAR ROAD, NO,235/A (10)WARD,HLAING THARYAR TOWNSHIP, YANGON | 12/LATHAYA(N)091443 |
| | | DAW YIN MIN TUN | | 12/LATHAYA(N)021532 |
| | | U AYE MIN | | 12/LATHAYA(N)016509 |
| 39 | ROBUST COMMODITIES MYANMAR LTD | DAW THE SU SU AUNG | SULE PAGODA ROAD, NO. (182-194) 3RD FLOOR, UNIT NO.66, KYAUKTADA TOWNSHIP, YANGON REGION | 7/THAWATA(N)115177 |
| | | MR. RAAGHAVAN NAARAYAN | | K 0496837B |
| | | MRS. ANURADHA NAARAYAN | | K0193383R |
| 40 | ROSE CITY (MYANMAR) COMPANY LIMITED | U ARHYUP ALLY | KON ZAY DAN STREET, NO.126/130,PABEDA TOWNSHIP, YANGON REGION | 12/TAMANA(N)101928 |
| | | U MEHMOOD | | 12/PABATA(N)002580 |
| | | U SHAHABUDEEN | | 12/BATAHTA(N)036602 |
| 41 | SANMIK NATURAL FOOD MYANMAR (PRIVATE) LTD. | MR. PATHMALAL WITHANAGE | NO. 803, MYITTA YEIK MON HOUSING, DAMADARNA STREET, NATCHAUNG QUARTER, TAMWE TOWNSHIP, YANGON | N6556447 |
| | | U HLAING MIN HTIKE | | 13/MAMANA(N)007898 |
| | | U SAN LIN | | 13/THAPANA(N)007045 |
| 42 | SAT WINE INN ARR MINING COMPANY LIMITED | DAW YAN LI WAR @ HLA HLA SAN | 43RD STREET NO.39 , GROUND FLOOR 6 QUARTER/ BOTAHTAUNG TOWNSHIP, YANGON | 13/KATANA(AEI)000076 |
| | | U SAI YE KYAUK | | 13/KATANA(N)001431 |
| 43 | SAVITA COMPANY LIMITED | DAW OHN MAR WIN | NO.29/5 FLOOR(B),94TH STREET, KANTAWKALAY SOUTH QUATER/ YANGON/ MINGALAR TAUNG NYUNT TOWNSHIP, YANGON | 14/THAMANA(N)000098 |
| | | U ELAN GO@AUNG NAING | | 12/MAGATA(PYU)000008 |
| | | U MYINT SWE | | 14/PATHANA(N)045385 |
| 44 | SCAI YANGON LIMITED | DAW THAN THAN AYE | NO. 3 HIGHWAY ROAD, ROOM 46, 47, BLOCK CC 44-65 THIRIYADANA WHOLESALE MARKET, NORTH OKKALAPA TOWNSHIP, YANGON | 10/THAPHAYA(N)008199 |
| | | MR. TAN SIOW CHUA | | E6516858F |
| | | MS. LEE SWEE HOON | | K1363143R |
| 45 | SEIN FAMILY EXPORT & IMPORT COMPANY LIMITED | DAW SEIN | SHWE YIN AYE PAGODA STREET, HLAING THARYAR INDUSTRY ZONE, NO.189(A) (5)EXTENSION HLAING THARYAR TOWNSHIP, YANGON | 12/OUKAMA(N)124273 |
| | | U AYE SU | | 12/OUKAMA(N)124812 |
| | | U CHAUNG SU | | 12/OUKAMA(N)124026 |
| | | U HTEIN SU | | 12/LAMANA(N)111651 |
| | | U KYAW MIN OO | | 12/OUKAMA(N)000427 |
| | | U KYIN SU | | 12/OUKAMA(N)149173 |
| | | U MYAING SU | | 12/OUKAMA(AEI)000190 |
| | | U WE SU | | 12/OUKAMA(N)149171 |
| 46 | SEINN YADANAR THAIK COMPANY LIMITED | DAW HKAWN BU | (51ST) STREET, (MIDDLE BLOCK), NO.(93), 7TH FLOOR, WARD NO.(1), PAZUNDAUNG TOWNSHIP, YANGON | 13/KAKHANA(N)043355 |
| | | DAW YAN IN NYO | | 13/TAYANA(N)014564 |
| | | U AUNG NAING | | 13/TAYANA(N)024904 |
| | | U KYAW TUN | | 13/TAYANA(N)014963 |
| 47 | SEMAS MYANMAR MANUFACTURING COMPANY LIMITED | DAW SOE MOE KO | NO. (145/A), TWIN THIN TAIK WUN U TUN NYO STREET, SOUTH DAGON SEIKKAN INDUSTRIAL ZONE, INDUSTRIAL ZONE (1), DAGON SEIKKAN TOWNSHIP, YANGON | 12/LAMATA(N)021752 |
| 48 | SHENG XING DA COMPANY LIMITED | DAW KYAWE CHIN | NO.41,PAN WHAR STREET, YANGON THIT QUARTER,THINGANGYUN TOWNSHIP, YANGON | 13/LAYANA(N)217700 |
| | | U AUNG KYAW ZAWW | | 10/MALAMA(N)128056 |
| 49 | SHWE KYAW ZAW COMPANY LIMITED | DAW SU WAI LINN | AYETHARYAR STREET,NO.(D-44) FMI HOUSING/ YANGON/HLAING THAR YAR, YANGON REGION | 12/DAGANA(N)028592 |
| | | DAW WAI MYO HTET | | 7/PAMANA(N)000288 |
| | | U MINN KHANT | | 12/DAGANA(N)028593 |
| | | U WIN NAING LINN | | 13/THAPANA(N)065511 |
| 50 | SHWE YAUNG SIN TUN COMPANY LIMITED | AYE AYE WIN | MIN YE KYAW SWAR (10) STREET, NO-3/3/56 3 QUARTER, HLAING THARYAR TOWNSHIP, YANGON REGION, 09-420178658, shweyaungsintun@gmail.com | 12/AHLANA(N)009253 |
| | | THAN HTWE | | 12/AHLANA(N)001814 |
| | | YE HTUT ZAW | | 12/AHLANA(N)044438 |
| 51 | TECHNOLAND COMPUTER TRADING COMPANY LIMITED | MYAT SOE WIN | NO. (162-170), 36TH STREET MIDDLE BLOCK, KYAUKTADA TOWNSHIP,, YANGON REGION | 12/LAMATA(N)019335 |
| | | NAW AYE AYE MYAT | | 14/HATHATA(N)001428 |
| 52 | THI HA SOE SAN PRODUCTION CO., LTD | DAW SHU KYI | NO.H/78, AHTHAWKA STREET MAYONGONE TOWNSHIP, YANGON REGION | 14/PATHAYA(N)083745 |
| | | U AUNG THEIN | | 14/PATHAYA(N)083744 |
| | | U MYO MIN AUNG | | 14/PATHANA(N)164678 |
| | | U THANT ZIN SOE | | 13/MAPATA(N)031033 |
| | | U TIN TUN AUNG | | 14/PATHANA(N)164679 |
| 53 | TROPICAL WOODS COMPANY LIMITED | BIL KIS @ HLA HLA WIN | NO.(107/108), MAKHAYAR MINTHAR GYI STREET DAGON SEIKKAN INDUSTRIAL ZONE(.II), DAGON SEIKKAN TOWNSHIP, YANGON REGION 09-961593671, yenooslawfirm@gmail.com | 12/PABATA(N)005293 |
| | | ZAINAB BI BI @ TIN TIN WIN | | 12/PANATA(N)027412 |
| 54 | VENEER INTERNATIONAL MYANMAR COMPANY LIMITED | MR NITESH KUMAR GUPTA | PLOT NO.16, CORNER OF THUKHITAR STREET AND MYA AYAR STREET DAGON SEIKKAN INDUSTRIAL ZONE ( II ) DAGON SEIKKAN TOWNSHIP, YANGON REGION | Z2084287 |
| | | MR.RAHUL GOPICHAND GUPTA | | Z2333588 |
| | | U MIN KUN HTAW | | 12/DAGANA(N)000455 |
| 55 | VILITHAR INTERNATIONAL TRADING COMPANY LIMITED | DAW NAW EI HTOO PHAW | A STRONG GOLDEN STREET, NO,O-238 FMI CITY, HLAING THAR YAR TOWNSHIP, YANGON | 14/MAAHPA(N)350110 |
| | | DAW NAW EI THI PHAW | | 14/MAAHPA(N)297943 |
| 56 | WATERSTONE COMPANY LIMITED | DAW THYNN WYNN AYE | KABARAYE PAGODA ROAD,UNIT 10-5,PEARL CONDO BAHAN, YANGON, | 12/KAMAYA(N)053011 |
| | | DAW WYNN WYNN NYUNT | | 12/THAGAKA(N)191307 |
| 57 | ZARNI LINN COMPANY LIMITED | AUNG WIN | NO.186/188, ROOM (6-A), PANSODAN MIDDLE BLOCK KYAUKTADA TOWNSHIP, YANGON | 12/BATAHTA(N)034134 |
| | | AYE SANDAR HTUN | | 12/THAKATA(N)161719 |
| | | SEIN WIN | | 12/BATAHTA(N)035029 |
| 58 | KAY THI (MYAWADDY) COMPANY LIMITED | DAW KAY THI WIN | NO.299, ROOM (406), GYOE PYHU CONDO, GYOE PHYU STREET, MINGLLAR TAUNG NYUNT, YANGON | 3/KAKAYA(N)068750 |
| | | MA EAINDAW KYAW | | 3/KAWATA(N)063158 |
| | | U PAING NYEIN OO | | 3/MAWATA(N)0218301 |
| 59 | SHWE NAN TAW GENERAL BUSINESS COOPERATION ASSOCIATION LIMITED | U NYUNT WIN | No.18, LONE THWE MHWE STREET, 5 WARD, MYAWADDY, KAYIN STATE | 9/KAPATA(N)057269 |
| | | U TIN MAUNG YI | | 9/KAPAPA(N)066609 |
| | | U TIN SOE | | 3/KATAYA(N)112575 |
| | | DAW THIN THIN YU | | 9/KAPATA(N)027404 |
| | | DAW ZIN MOH MOH MAUNG | | 9/KAPATA(N)181717 |

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဒုတိယသမ္မတ(၁)ဦးစီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ဦးကို အိမ်တော်များဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။




# ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) သူဌေးကုန်း(ကျား)နှင့် အခြေခံပညာအလယ်တန်းကျောင်း(နောင်သင်ခါ) များ၌ ကျောင်းအုတ်တံတိုင်းပြိုကျနေမှု၊ စာသင်ခန်းများအတွင်း ရေဝင်ရောက်မှု၊ စာသင်ဆောင်နှင့်ကျောင်းအတွင်း ရွှံ့ညွန်များ၊ အမှိုက်များဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှု၊ သန့်ရှင်းပြီးသောစာသင်ခန်းများအတွင်း စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ရွာသစ်)၌ ကျောင်းဝင်း၊ ကျောင်းဆောင်၊ စာသင်ခန်းများအတွင်း ရေများဝင်ရောက်နေမှု၊ ကျောင်းအုတ်တံတိုင်း ပြိုကျပျက်စီးနေမှု၊ နုန်းမြေများနှင့် အမှိုက်သရိုက်များဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကိုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (ပိန်းတော)၌ ပြိုကျပျက်စီးနေသော ကျောင်းအုတ်တံတိုင်းများ၊ ကျောင်းဆောင်များ၊ စာသင်ခုံများ၊ စားပွဲများ၊ Whiteboard များပျက်စီးနေမှု၊ ရေသန့်စက်၊ ရေမော်တာနှင့်သန့်စင်ခန်းများတွင် နုန်းများဖုံးအုပ်နေမှုနှင့် ကျောင်းအတွင်း မီးလိုင်းပြတ်တောက်မှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၅၀၀)

# ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဦးစားပေးလျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့်နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Website(www.moh.gov.mm), ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန Website တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကြေညာချက်ပါ အချက်အလက်များကို သေချာစွာဖတ်ရှုပြီး သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်နှင့် သားဖွားသင်တန်းကျောင်း၊ နေပြည်တော်တို့၌ ကျင်းပပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက်**(မပျက်မကွက်)** လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် နံနက်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် နံနက်(၇:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင်ဖြေဆိုရမည့်သူများအနေဖြင့်နေ့လယ်(၁၂:၀၀) နာရီအရောက် လာရောက်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် |
|---|---|
| ခုံအမှတ်(၁)မှ(၅၀၀)ထိ | ၃၀-၉-၂၀၂၄ |
| ခုံအမှတ်(၅၀၁)မှ(၁၀၀၀)ထိ | ၁-၁၀-၂၀၂၄ |
| ခုံအမှတ်(၁၀၀၁)မှ(၁၄၂၉)ထိ | ၂-၁၀-၂၀၂၄ |

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၆-၉-၂၀၂၄)

# ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းများအတွင်း တင်ကျန်နေသော သဲ၊ နုန်းများဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစု(အရှေ့)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် တင်ကျန်ခဲ့သည့်နုန်းများဖယ်ရှားရှင်းလင်းနေမှု၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းများအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပျဉ်းမနားမြို့နယ် အင်းသာကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း (သာယာအင်း)ကျောင်းဝင်းအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် တင်ကျန်ခဲ့သည့်နုန်းများဖယ်ရှားရှင်းလင်းနေမှုနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် မွန်းတည့်ခွင် - ကျည်တောင်- ခေါမ - ညောင်ပင်သာသို့ ဆက်သွယ်ထားသည့် လမ်းပေါ်ရှိ ဇီးဖြူပင်ကျေးရွာအနီး ကတ္တရာလမ်းရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့်နေရာအား ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သစ်ဆိမ့်ပင်ကျေးရွာနှင့် ဇီးဖြူပင်ကျေးရွာအကြားတွင် ရေကြီးရေလျှံမှုကြောင့်ပျက်စီးခဲ့သည့်ပေါင်းလောင်းလက်ယာမြောင်းမကြီး ရေမြောင်းတာပေါင် ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ)အတွင်း နုန်းများဖယ်ရှားရှင်းလင်းနေမှု၊ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆင်သေကျေးရွာ သာသနဝံ့ပုညကာရီရွာဦးကျောင်းတိုက်အတွင်း ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ထမင်းဘူးများထောက်ပံ့ပေးအပ်ပြီး သာသနဝံ့ပုညကာရီရွာဦး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်း၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များသည် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ(၄/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ နေပြည်တော်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးက သက်ဆိုင်ရာကုမ္ပဏီ၏ အတည်ပြုလျှောက်ထားလွှာတင်ပြလာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင်နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသောအစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသောရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များလာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသောအစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင်နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သောအသား၊ ငါး စသည်တို့ကိုပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘာသာသာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရေး၊ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက်၊ ဗုဒ္ဓသာသနာဆိုင်ရာ အထင်ကရနေရာများသို့ ဘုရားဖူးသွားရောက်ကြသည့် ဘုရားဖူးပြည်သူများအတွက် ပြည်ဝင်ဗီဇာအဆင်ပြေမှုရှိစေရန် ကူညီဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံအကြား ဘုရား၊ စေတီတော်များ ဖူးမြော်ကြည်ညိုခြင်းဆိုင်ရာများ၊ ဗုဒ္ဓတက္ကသိုလ်များအကြား ကူးလူးဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးဦးဆောင်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၆

(၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ဦးဆောင်ကော်မတီအတွင်းရေးမှူး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံလူငယ်ဆိုင်ရာ အစည်းအဝေးများ၏ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေစဉ်တွင် ဝန်ကြီးများအဆင့် အစည်းအဝေးတစ်ကြိမ်နှင့် အဆင့်မြင့်အရာရှိကြီးများ အဆင့်အစည်းအဝေးနှစ်ကြိမ်တို့ကိုဦးဆောင်၍ ကျင်းပပေးရမည်ဖြစ်သည့်အတွက် ယခု (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများကို Virtual စနစ်ဖြင့် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပပြုလုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာသူများက (၁၃) ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည့်အခြေအနေများကိုပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမောင်မောင်သန်းက သန်းခေါင်စာရင်းကောက်ယူနိုင်ရေးကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်းခေါင်စာရင်းဂုဏ်ပြုသီချင်း “ရွှေနိုင်ငံဆီ လှမ်းစို့ညီညီ” အား Video Clip ဖြင့်ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြီးကြပ်စစ်ဆေးရမည့်အဖွဲ့များအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျလုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်းရံခ

## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲကျင်းပ

ကလော စက်တင်ဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁)ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် ရထားရဲတပ်ဖွဲ့ အမှတ်(၇) တပ်ခွဲ အောင်ပန်းမြို့မှ ဒုတိယရဲမှူးချမ်းငြိမ်း ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက သွေးများလှူဒါန်းရာ ကလောခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဒေါ်သိန်းယဉ်ယဉ်ဖြိုးက သွေးအိတ်များကိုလက်ခံရယူသည်။

အဆိုပါ သွေးလှူဒါန်းနေမှုကို ဒုတိယရဲမှူးချမ်းငြိမ်းနှင့် ကလောခရိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာသန်းလှိုင်တို့က ကြည့်ရှုအားပေးကြောင်းသိရသည်။

ဇော်မျိုး

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း


ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် တောင်ငူမြို့ နှစ်ဆောင်မြိုင်ကျေးရွာ၌ သောက်သုံးရေတွင်းရေကန်များပြန်လည်သန့်စင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် လွိုင်ကော်မြို့ရှိ စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။


နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။


နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကလောမြို့၌ ရေကျဆင်းသွားသဖြင့် တင်ကျန်ခဲ့သောနုန်းများ၊ အမှိုက်သရိုက်များအား ဖယ်ရှားရှင်းလင်းပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအင်တိုက်အားတိုက်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများတွင် လိုအပ်သည်များကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင်အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊


နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး

ကိုဘုန်း(ထုတ်လုပ်)

ခရီးသွားခြင်းသည် သမိုင်း၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများကို လက်တွေ့လေ့လာသင်ယူနိုင်သည်၊ ယဉ်ကျေးမှုအသစ်များကို ဖော်ထုတ်ပေးကာ မတူညီသောနောက်ခံများမှလူအများနှင့်ချိတ်ဆက်ရန် ကူညီပေးသည်။ အတွေ့အကြုံသစ်များကိုရရှိစေပြီး အတွေးအမြင်ကို တိုးတက်စေပါသည်။ ခရီးစဉ်တစ်ခုသည် ကိုယ်ပိုင်တိုးတက်မှုနှင့် ရှာဖွေတွေ့ရှိမှုအတွက် အခွင့်အလမ်းဖြစ်သည်။ ထို့ပြင် ခရီးသွားခြင်းသည် အပန်းဖြေရန်၊ ဗဟုသုတရှာဖွေရန်နှင့် ရေရှည်တည်မြဲသော အမှတ်တရများကိုဖန်တီးရန် ကောင်းမွန်သောနည်းလမ်းတစ်ခုဖြစ်သည်။ ခေတ်အဆက်ဆက် ခရီးသွားလာမှုပုံစံသည် ပြောင်းလဲလာပြီး ခေတ်မီလာသည့် ခရီးသွားလုပ်ငန်းအဖြစ် ပေါ်ထွန်းလာကာ ခရီးသွားလုပ်ငန်းသည် ကြီးမားကျယ်ပြန့်လာသည်။ ခရီးသွားလုပ်ငန်းဟူသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး စီးပွားရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ရေးကို များစွာအထောက်အကူပြုလျက် မီးခိုးမထွက်သော စက်ရုံဟု တင်စားသတ်မှတ်ထားသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

**ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့**

ကမ္ဘာ့နိုင်ငံများ၌တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် သွားလာလည်ပတ်နိုင်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၄၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ခရီးသွားလုပ်ငန်း၏အရေးပါမှုနှင့် ပတ်ဝန်းကျင်ရှိ လူမှုအသိုက်အဝန်းများနှင့် စီးပွားရေးအပေါ် သက်ရောက်မှုများအကြောင်း အသိပညာပေးရန်အတွက် နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) မှသတ်မှတ်ပြီး ၁၉၈၀ ပြည့်နှစ်မှစတင်၍ ကျင်းပခဲ့သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဦးဆောင်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကို စီးပွားရေးတိုးတက်ရန် မောင်းနှင်အားတစ်ရပ်အဖြစ် မြှင့်တင်ရေး၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများနှင့် အသိပညာများ တိုးတက်ပြန့်ပွားရေးလုပ်ငန်းစဉ်များကိုလည်း ဦးဆောင်ထောက်ပံ့ကူညီပေးလျက်ရှိသည်။

**ခရီးသွားလုပ်ငန်း၏ အရေးပါမှု**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကိုမြှင့်တင်ရာတွင် ဘက်စုံကဏ္ဍစုံမှ ခရီးသွားလုပ်ငန်းအခန်းကဏ္ဍကို အလေးပေးဖော်ပြသည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါမတိုင်မီက ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းနီးပါးရှိပြီး သန်းနှင့်ချီ၍ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းမှုများ ဖန်တီးပေးခဲ့သည်။ ခရီးသွားလုပ်ငန်းသည် ဒေသတွင်းစီးပွားရေးကို ပံ့ပိုးပေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာအသိပညာများ မြှင့်တင်ပေးခြင်းနှင့် နိုင်ငံတကာနားလည်မှုကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေသည်။ မြို့ပြနှင့် ကျေးလက်ဒေသများတွင်ရှိသည့် အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်နေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်သည့်အပြင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် အလှအပများကို ဖွင့်လှစ်ပြသနိုင်သည့် အခွင့်အလမ်းများလည်း ရရှိစေသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုကောင်းမွန်စေရေး စီမံခန့်ခွဲပေးနိုင်ရန်နှင့် တာဝန်သိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ပေးနိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှတာဝန်ရှိသူများ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ခရီးသွားလုပ်ငန်း**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်မှစ၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့သည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်လျော်ညီသော ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေရသည့် အများပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာထိခိုက်ဆုံးရှုံးခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးကုစားမှုစီမံကိန်း (COVID–19 Economic Relief Plan) အရ နိုင်ငံတော်ဘဏ္ဍာငွေ၏ ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ သုံးစွဲရန်သတ်မှတ်ထားခဲ့ရာ ခရီးသွားကုမ္ပဏီ ၂၄၄ ခု၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၃၉ ခုတို့ကို ငွေကျပ် ၂၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးခဲ့သည်။ နိုင်ငံပိုင် ငှားရမ်းဟိုတယ်များအတွက် ငှားရမ်းခများကို ခြောက်လရွှေ့ဆိုင်းပေးခြင်းအပြင် ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ၂၁ လကို ငှားရမ်းခ ၅၀ ရာခိုင်နှုန်းလျှော့ချပေးခြင်း၊ ဟိုတယ်၊ မိုတယ်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များ၏ လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်စာ ကင်းလွတ်ခွင့်ပြုခြင်းများ ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်။ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဦးစားပေးတစ်ရပ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများကို နိုင်ငံတော်၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များတွင် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကာလတို၊ ကာလလတ်၊ ကာလရှည်ပန်းတိုင်များ အောင်မြင်စေရန်အတွက် မဟာဗျူဟာ ၁၈ ခု၊ အသေးစိတ်စီမံချက် ၉၃ ခု ပါဝင်သည့် **“မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)”** ကို ရေးဆွဲ၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစပြီး ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုအခြေအနေ လျော့နည်းလာသည်နှင့်အမျှ ပြည်တွင်းခရီးသွားလာမှုများ စတင်တိုးတက်လာသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၁၇ ရက်မှစတင်ပြီး နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း/ပြည်ပ ခရီးသွားလာမှုများ တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာသည်။ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းပြန်လည်စတင်ရာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုများ၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများအတွက် အင်တာနက်အခြေခံ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရေး စသည့် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များကိုလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။



မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ သွားလာလည်ပတ်နိုင်ရန် ခရီးသွားများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြည့်ပြည့်စုံစုံနှင့် လွယ်ကူလျင်မြန်စွာရရှိနိုင်အောင် စီစဉ်ပေးခြင်း၊ ခရီးသွားဧည့်သည်များ၏ ပြည်ဝင်၊ ပြည်ထွက်ခွင့် လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကိုလည်း လွယ်ကူရှင်းလင်းစေခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ခဲ့သည်။

**တာဝန်ယူမှုရှိသော ခရီးသွားအမူအကျင့်**

ခရီးသွားလုပ်ငန်းသည် နိုင်ငံအများအပြားတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ပြီး ၎င်း၏အကျိုးကျေးဇူးများသည် စီးပွားရေးလုပ်ငန်းများထက်သာလွန်သည်။ ၎င်းသည်ယဉ်ကျေးမှုဖလှယ်ခြင်းကိုအားပေးပြီး မတူကွဲပြားသော လူဦးရေများအကြား နားလည်မှုကိုတိုးပွားစေသည်။ သို့သော် အထူးသဖြင့် ခရီးသွားလာမှုအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် လုပ်ငန်းသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ကျွန်ုပ်တို့ ရေရှည်တည်တံ့မှုကိုဦးစားပေးသည့် ခရီးသွားလုပ်ငန်းကို ဆောင်ရွက်ရန် အရေးကြီးသည်။ အမှိုက်နည်းစေရန်၊ ဒေသတွင်းစီးပွားရေးကို ပံ့ပိုးပေးခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းကဲ့သို့သော တာဝန်သိခရီးသွားအမူအကျင့်များကို အားပေးအားမြှောက်ပြုရမည်ဖြစ်သည်။ တာဝန်ယူမှုရှိသော ခရီးသွားအမူအကျင့်သည် သွားရောက်လည်ပတ်သည့်နေရာများနှင့် တွေ့ဆုံမည့်သူများအပေါ် အကျိုးသက်ရောက်မှုရှိသည်။

**ခရီးသွားနှင့် ငြိမ်းချမ်းရေး**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ဆောင်ပုဒ်သည် “ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး” ဖြစ်သည်။ နေရာဒေသတစ်ခုတည်ငြိမ်မှုနှင့် လုံခြုံမှုမရှိဘဲ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ပေ။ ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့သည် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို အသိအမှတ်ပြုလာစေရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်ငံတကာဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်ပေးနိုင်သည့် တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်အကောင်အထည်ဖော်ရေးအတွက် ကမ္ဘာ့နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေများ စသည့် မတူကွဲပြား ထူးခြားလှပသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့်အရာများဖြစ်ကြသည်။ ခရီးသွားလုပ်ငန်းသည် တည်းခိုနေထိုင်ရေးနှင့် ဧည့်ဝတ်ကျေပွန်ရေးကဏ္ဍအပြင် ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ စည်ပင်သာယာလှပရေးကဏ္ဍ၊ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ စသည့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဆိုပါက နိုင်ငံ၏စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများစွာ ပြောင်းလဲသွားမည်ဖြစ်ပါကြောင်းဖြင့် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

UN Tourism

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

"ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး"

WORLD TOURISM DAY 2024 | TOURISM AND PEACE

၂၇-၉-၂၀၂၄ MICC-2 ၊ နေပြည်တော်

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

" Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide"

၁.၁၀.၂၀၂၄ နေပြည်တော်

# မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၆

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များ အပြန်အလှန် လည်ပတ်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား ဘာသာရေးနှင့်ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးနှင့် နှစ်နိုင်ငံခရီးစဉ်ဒေသများသို့ လေကြောင်းလိုင်းများ တိုက်ရိုက်ပျံသန်းပြေးဆွဲရေး၊ မြန်မာ-အိန္ဒိယ-သီရိလင်္ကာ- နီပေါ Buddhist Circuit ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များ အကောင်အထည်ဖော်ရေး၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ(MoU)ကို ဆက်လက်အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံအစိုးရ-ပုဂ္ဂလိက ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန်အတွက် အွန်လိုင်းအစည်းအဝေးများ ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဝန်ထမ်းစုဆောင်းရွေးချယ်ခြင်းနှင့် လေ့ကျင့်သင်ကြားရေး ဆိုင်ရာအဆင့်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ဦးဆောင်မှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပူးပေါင်းမှုဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဝန်ထမ်းစုဆောင်းရွေးချယ်ခြင်းနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)၌ Virtual Platform ဖြင့်ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ သူရဦးဘိုနီနှင့် ဦးကျော်မျိုးထွဋ်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် ဆက်စပ်ကဏ္ဍများမှ ပြည်တွင်း၊ ပြည်ပကိုယ်စားလှယ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲပထမပိုင်းကိုကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူပွင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ ဝန်ထမ်းစုဆောင်းရွေးချယ်ခြင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်မှုအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကိုယ်စားလှယ်များက ကြုံတွေ့နေရသည့်စိန်ခေါ်မှုများအပေါ် လက်ရှိလုပ်ဆောင်လျက်ရှိသည့် အတွေ့အကြုံနှင့် နည်းလမ်းကောင်းများကို အဖွဲ့ဝင်နိုင်ငံများအကြား မျှဝေဖလှယ်ကြပြီး တင်ပြခဲ့သည့်အချက်အလက်များအပေါ် ဦးဆောင်ဆွေးနွေးသူက ပြန်လည်ရှင်းလင်းသည်။

ထို့နောက် ဆွေးနွေးပွဲဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ လေ့ကျင့်သင်ကြားရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်မှုအပေါ် ခြုံငုံသုံးသပ်ခြင်းကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခဦးတင်စိုးက ဦးဆောင်ဆွေးနွေးပြီး မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက လက်ရှိစိန်ခေါ်မှုများနှင့် အလားအလာများအပေါ် မျှဝေဖလှယ်ကြပြီး တင်ပြခဲ့သည့် အချက်အလက်များအပေါ် ဦးဆောင်ဆွေးနွေးသူက ပြန်လည်ရှင်းလင်းသည်။

ဆက်လက်၍ အုပ်စုအလိုက်ဆွေးနွေးကာ ဆွေးနွေးမှုရလဒ်ကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ပြန်လည်တင်ပြကြ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးကျော်မျိုးထွဋ်က အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကအချက်များကို ကောက်နုတ်သုံးသပ်ကာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) အတွက် မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းစီမံချက်တစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ဝန်ထမ်းစုဆောင်းရွေးချယ်ရေးနှင့် လေ့ကျင့်သင်ကြားရေးစနစ်တို့တွင် တွေ့ကြုံနေရသည့်စိန်ခေါ်မှုများကို ဖော်ထုတ်လေ့လာပြီး ပိုမိုကောင်းမွန်ထိရောက်သောစနစ်ကိုအသုံးပြုရန်၊ ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြု၍ အကြံပြုချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို မှတ်တမ်းတင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများကိုမျှဝေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ အဋ္ဌမအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ အဋ္ဌမအကြိမ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက အမှာစကားပြောကြားပြီး မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ အတွင်းရေးမှူးက နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့်အစည်းအဝေးဆုံးဖြတ်ချက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကိုယ်စားလှယ်က မြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများမှ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများစတင်ယှဉ်ပြိုင်ကစား





တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ကရာတေးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အားကစားသမားတစ်ဦး၏ယှဉ်ပြိုင်ကစားနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(က)အဆင့် ဘောလုံးပြိုင်ပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။





တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။





တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသောအားကစားကွင်း/ရုံများတွင် စတင်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ကရာတေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်သက်ထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ၏ယှဉ်ပြိုင်မှုများအား ကြည့်ရှုအားပေးကြသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ)ကရာတေးပြိုင်ပွဲတွင် လူသစ်တန်းတစ်ဦးချင်းခတပြိုင်ပွဲ၊ အကြီးတန်းတစ်ဦးချင်းခတပြိုင်ပွဲ၊ အသင်းလိုက်ခတပြိုင်ပွဲနှင့် လူသစ်တန်းကီလိုတန်းအလိုက် ကုမိတဲ့ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

အလားတူ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ လုံတံပစ်ပြိုင်ပွဲနှင့် မီတာ ၈၀၀ အပြေးပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသား/ အမျိုးသမီးအုပ်စုပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသားဓားနှစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဓားနှစ်လက်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသားဓားတစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဓားတစ်လက်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသမီးပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီးဓားတစ်လက်အတိုက်ပြိုင်ပွဲများကို လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် ၅၇ ကီလိုတန်းလူသစ်တန်းပြိုင်ပွဲ၊ ၄၈ ကီလို ၅၇ ကီလို ၆၀ ကီလိုအလွတ်တန်းပြိုင်ပွဲ ၊ ၆၀ ကီလိုတန်း(က) အဆင့်ပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များကို လည်းကောင်းအသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့်ဘောလုံးပြိုင်ပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင်ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့်တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

နံနက်ပိုင်းတွင် အဆိုပါဆေးရုံများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းစုစုပေါင်း ၃၁၃ ဦးတို့က တစ်ချိန်တည်း စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်(၁)နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိတပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးမျိုးစုံပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၂၇ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၂၄၇ ဦးတို့က ဆက်လက်စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်းဂုဏ်ပြုသွေးလှူဒါန်းသူ ၅၆၀ ဦးဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့နယ်ရှိ ဆင်သေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ်ရှိ စည်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ အေးမြင့်သာယာကျေးရွာ မူလတန်းကျောင်းတို့၌ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာစာသင်ကျောင်းများမှ ဆရာ၊ ဆရာမများအား သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ကျောက်ဆည်မြို့နယ်အတွင်း ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော်  စက်တင်ဘာ  ၂၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ ရွှေဖောင်ဒေးရှင်းခန်းမ၌ ကျောက်ဆည်မြို့နယ်အတွင်းရှိဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံရာ သမဝါယမဦးစီးဌာန တာဝန်ရှိသူများက ကျောက်ဆည်မြို့နယ်အတွင်းသမဝါယမကဏ္ဍမှ ဆီထွက်သီးနှံ နေကြာတိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် သမဝါယမအသင်းများမှ လျာထားစိုက်ပေပြည့်မီအောင် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဆည်မြို့နယ်အတွင်း သမဝါယမအသင်း ၄၀ မှ နေကြာစိုက်အသင်းသားတောင်သူ ၁၃၁၇ ဦးတို့၏ စိုက်ပျိုးမြေဧက ၄၄၆၁ ဧကအတွက် ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့နှင့် သွင်းအားစုများကို အသင်းသားတောင်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျောက်ဆည်-ဌက္ကတောင် ဆက်သွယ်သောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင် လယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှအသင်းသားတောင်သူ ၁၈၀ ဦးတို့၏ ဝါစိုက်ဧက ၉၈၄ ဧကပေါ်တွင် စိုက်ပျိုးထားသော မိုးဝါစိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေကျပ် ဖြ၁ ဒသမ ၄ သိန်းကျော်ဖြင့် ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် သမန္တလင်းကျေးရွာ၌ သင်တန်းသူ ၁၄ ဦးဖြင့် ဖွင့်လှစ်ခဲ့သော စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ထူးချွန်သူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းပြီး လုပ်ငန်းထူထောင်လိုသူ ထူးချွန်သင်တန်းသားများအနက်မှ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်မည့်သူငါးဦးကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ




နေပြည်တော်  စက်တင်ဘာ  ၂၆

မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ MITS ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS)အနေဖြင့် ပြည်ပသို့ပစ္စည်းများတင်ပို့သည့်ကုမ္ပဏီများ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် အရေအတွက်နှင့် အရည်အသွေးများကို သဘော်မတင်မီ စစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက သိုလှောင်ထားရှိသည့် ပြည်ပပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်သီးနှံများ၊ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများနှင့် ဘူးသွင်းဆီများ၏ အရေအတွက်၊ အရည်အသွေးတို့အား စစ်ဆေးခြင်း၊ ကတ္တရာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ကိုယ်စားပြုနမူနာရယူခြင်းစသည့်လုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိရာ အခြားပို့ကုန်သွင်းကုန်ပစ္စည်းများကိုလည်း ထပ်မံတိုးချဲ့စစ်ဆေးနိုင်ရေးကြိုးပမ်းသွားရန် တိုက်တွန်းလိုကြောင်း၊ MITS သည် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ အားကိုးအားထားနိုင်သည့်အဖွဲ့အစည်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်အဖွဲ့အစည်း၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး အဂတိတရားကင်းရှင်းသည့်အဖွဲ့အစည်းဖြစ်ရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် MITS ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြပြီး ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း၊ အတည်ပြုခြင်းနှင့် MITS တွင် ပို့ကုန်သွင်းကုန်စစ်ဆေးရန် လုပ်ငန်းအများဆုံးအပ်နှံပေးကြသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော်  စက်တင်ဘာ  ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E.Dr.Md.Monwar Hossain အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အပြန်အလှန်လေးစားမှုတို့ဖြင့် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံဆေးတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပညာရှင်များအကြား ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကျင်းပ၍ ပညာရပ်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ကုသခြင်းလုပ်ငန်းများနှင့်ရောဂါစောင့်ကြည့်ခြင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၂၅°C | / | ၃၂.၅°C |
| ရန်ကုန် | ၂၄°C | / | ၃၁.၅°C |
| မန္တလေး | ၂၇°C | / | ၃၅.၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Offer to solve political problems in political ways

NAY PYI TAW September 26

1. Tatmadaw took State powers in accord with the Constitution (2008) of the Republic of the Union of Myanmar as some made attempts to grasp the State power in improper ways with ignorance over endeavours of Tatmadaw to solve the political problems in various political ways in order to peacefully end the political problems triggered by voting frauds in the multi-party democratic general election held in 2020.

2. Tatmadaw formed the State Administration Council with fair numbers of military and civilian participants and adopted its roadmap and objectives. The State Administration Council is steadfastly implementing the fifth points of the five-point roadmap as its ultimate mission to hold a free and fair multi-party democratic general election and to hand over State powers to the elected government. However, the State lost a large number of human resources, infrastructures, life and property of the people due to the fact that some persons and organizations chose to apply the armed terrorism with armed struggle line and terrorism without solving political problems in political ways. Moreover, their terror acts were obstacles to peace and stability of the State and development of the country.

3. Currently, the census is scheduled to take place on 1 October to ensure the accuracy of voter lists for the upcoming multi-party democratic general election. Now is the time to make concerted preparations for this election. Considering the losses of the State due to armed struggle line and terrorism, ethnic armed organizations and PDF terrorists fighting against the State are invited to contact the State to solve the political problems in political ways through party politics or electoral processes in order to join hands with the people to emphasize durable peace and development by discarding the armed terrorism way.

**Information Team**
**State Administration Council**

## Singapore ranks as the biggest investor in Myanmar investment in the first five months of this FY



NAY PYI TAW September 26

Singapore was ranked as the biggest investor in Myanmar in the first five months of the current financial year 2024-2025, beginning 1 April, with an estimated capital of US$-87.7 billion, including the expansion of capital by existing enterprises, the Directorate of Investment and Company Administration's statistics showed.

Singapore companies mainly invest in urban development, real estate, power, and manufacturing sectors.

Thailand stood as the second largest investor this FY, with an estimated capital of over US$-44 million made by one enterprise. China is ranked third in the line-up with more than US$-35 million from 14 businesses and the existing ones.

Three enterprises from Indonesia, two each from India, China (Taipei), the Republic of Korea and Hong Kong SAR invested in Myanmar. The existing enterprises from China, China (Taipei), Hong Kong SAR, India, Japan, the Republic of Korea, Singapore, and the UK also increased investments.

Myanmar Investment Commission gave the green light to 26 foreign projects from seven countries (China, China (Taipei), Hong Kong SAR, India, Indonesia, Singapore and Thailand) to make investments of US$-207.6 million in the past five months this FY 2024-2025, including expansions of capital by existing enterprises.

The transport and communications sector found capital expansion to be US$-82.66 million. The manufacturing sector drew US$-75.6 million, and the services sector received US$-44 million. One enterprise put FDI of US$-3.7 million into the power sector, while one business made investments of less than one million in the agriculture sector, respectively.

Singapore stood as the largest foreign investor in Myanmar in the previous years, pulling in the FDI of US$-345 million in the 2023-2024 FY, US$-1.158 billion in the 2022-2023 FY and US$-297 million in the 2021-2022 mini-budget period (October-March). Additionally, Singapore emerged as the second largest foreign investor in the Thilawa Special Economic Zone after Japan.**SK**

## Kyaiklat Township ships 90,000 viss of field crabs to Yangon market

KYAIKLAT September 26

Local fishermen and businesspersons sent 90,000 viss of field crabs to Yangon market from Kyaiklat Township of Ayeyawady Region, said Daw Tin Htwe, the owner of Kyaiklat Township fishery trading brokerage.

Local fishermen and businesspersons sent 65,000 viss of field crabs to Yangon market in June, compared with 90,000 viss in July, due to a strong demand of Yangon market.

Daw Tin Htwe clarified: "Local businesspersons sell fishery products to Yangon market. Within July, they sent 90,000 viss of field crabs to Yangn market. These crabs were captured from paddy fields. Marine products of Kyaiklat are in high demand from Yangon market because of strong demand at home and abroad. So, fishermen and businesspersons operate their businesses."

At Yangon market, field crab fetches Ks-85,000 per 10 viss. Consequently, local fishermen and businesspersons and those in chain of marine product production are convenient in their businesses.

**SK**



# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Monsoon agricultural loans dispensed to farmers in Kamma Township

KAMMA September 26

The Township Agricultural Development Bank has allocated Ks- 2,700 million of agricultural loans for farmers in 52 village tracts in Kamma Township of Magway Region in 2024-2025 FY.

Farmers from 52 village tracts in Kamma Township are being disbursed agricultural loans at a rate of Ks-150,000 per acre of monsoon paddy and Ks-100,000 per acre of other crops. The Township Agricultural Development Bank dispensed agricultural loans to 120 farmers from Kywetalin village tract in the Township for 408 acres of paddy at 9:00 am on September 25.

As of now, over Ks- 2,005.5 million of monsoon agricultural loans have been disbursed to 4655 farmers from 42 village tracts in the Township for 12,359 acres of monsoon paddy, 1,136 acres of sesame plantation and 380 acres of green gram, according to the Township Agricultural Development Bank. **SMK**

# Corn cultivation in Myaung Township: growers tend to 3,552 acres of rain-fed fields

MYAUNG September 26

A total of 3,552 acres of millet and maize have been planted in Myaung Township, Sagaing District this year rain crops planting season, according to the Department of Agriculture for Sagaing District.

In the 2024-2025 rain crops planting season, 7,455 acres of millet and 2,160 acres of maize have been earmarked to be planted in Myaung Township and 2,915 acres of millet and 637 acres of 3,552 acres have been planted since May.

"We are working to ensure that the targeted acres are planted. We are also providing awareness for the success of the corn crop, and we are providing awareness to prevent the spread of the pest," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

It is said that in Myaung Township, the production of millet per acre is more than 19 baskets and the cost to plant millet is Ks-350,000 per acre and the maize production is more than 50 baskets per acre and the cost is Ks-500,000 per acre. **SMK**

# More than 2,000 acres of monsoon green gram planted in Myinmu Township

MYINMU September 26

The statistics of Sagaing District Agriculture Department indicated Myinmu Township Agriculture Department has planted 2,398 acres of monsoon green gram.

In 2024-2025 monsoon season, the township earmarked 829 acres of pre-monsoon green gram and 16,609 acres of monsoon green gram but local farmers cultivated 819 acres of pre-monsoon green gram and 1,579 acres of monsoon green gram, totalling 2,398 acres.

"This year, Myinmu Township earmarked 17,438 acres of pre-monsoon and monsoon green gram. So far, local farmers have planted 2,398 acres. They are striving for meeting the target cultivation. Our department helps local farmers expand sown acreage and use high yield strains of crops," said Daw Thida Lwin, Head of Sagaing District Agriculture Department.

This year, agricultural staff raised farmer awareness of using quality strains of crops, agricultural techniques, prevention of pests and systematic use of fertilizers.

Moreover, the department provided necessary quality strains of green gram, inputs and post-harvest technology.

**SK**

# Ditching the dollar: Putin announces work on independent BRICS payment system for global trade




MOSCOW September 26

Russia, together with BRICS countries, is working on creating its own payment system for the independent handling of all foreign trade, Russian President Vladimir Putin announced.

"In cooperation with BRICS countries, we are working on creating our own payment and settlement system, which will create conditions for the effective and independent servicing of all foreign trade," Putin said during the plenary session of the Russian Energy Week International Forum.

BRICS is an interstate organization established in 2006. As of January 1, 2024, Russia assumed the chairmanship of BRICS. This year, new members have joined the group - alongside Russia, Brazil, India, China, and South Africa, it now includes Egypt, Ethiopia, Iran, the UAE, and Saudi Arabia.

Putin further elaborated that BRICS sees its mission in combining economic potential and creating a space for mutually beneficial cooperation between countries.

"BRICS, with Russia chairing the organization this year, sees its mission in combining economic potential and creating opportunities for all those interested in harmonious, mutually beneficial cooperation," he said.

The president emphasized that this is about mutually beneficial cooperation. "In other words, it's in the common interests of our countries and peoples," Putin clarified.

Some people think that they can use illegal sanctions against Russia to their advantage in the energy sector, Putin said.

The president called modern energy one of the key industries, a real foundation for global development, adding that its calm operation according to transparent and understandable rules, as well as the development of deposits, processing of resources, and uninterrupted supplies to the market create a solid foundation for economic growth, the social sphere, and improving the well-being of citizens.

"Unfortunately, this truism is being taken less and less into account by those who have adopted the mechanisms of illegal sanctions and believe that they can use them to their advantage in the energy sector," he noted.

**Sputnik**

# China, Russia joint drills deepen level of strategic cooperation - Defence Ministry

BEIJING September 26

The Russian-Chinese joint military exercises Northern/Interaction-2024 deepened the level of strategic cooperation between the two armies, made an active contribution to maintaining regional peace and responding to security challenges, spokesperson for the Ministry of National Defence Senior Col. Zhang Xiaogang said on Thursday.

"These exercises successfully tested the ability of the tactical command coordination and joint operations of both sides, further deepened the level of strategic cooperation between the two armies, made an active contribution to maintaining regional peace and stability, as well as responding to security challenges," Zhang said.

On September 10-27, the Russian armed forces took part in the Northern/Interaction-2024 drills, organized by the Northern Zone of the Combat Command of the People's Liberation Army of China (PLA) in the Sea of Japan and the Sea of Okhotsk.

Upon the completion of the drills, Russian and Chinese naval ships conducted patrols in their respective zones of the Pacific Ocean, Zhang added.

**Sputnik**

# Israel ramps up preparation for ground operation in Lebanon: military chief



JERUSALEM September 26

Israel is ramping up preparations for a ground offensive against Hezbollah, military chief Herzi Halevi said Wednesday, the third day of Israel's most intense bombardment of Lebanon since 2006.

"You hear the jets overhead ... We have been striking all day. Both to prepare the ground for your possible entry (into Lebanon) and to continue degrading Hezbollah," Halevi told troops of the 7th Armored Brigade during a drill near the Israel-Lebanon border.

His remarks followed Hezbollah's statement earlier on Wednesday that it had expanded its range of fire and launched a ballistic missile to attack the headquarters of Israel's intelligence agency, Mossad, in the north of Tel Aviv. The missile was intercepted, but Halevi warned that Hezbollah would face a "very strong response," urging troops to "prepare yourselves."

Halevi stressed that there would be no let-up in Israel's military operation, which began on Monday. "We are not stopping," he said, asserting that Israel is preparing to maneuver into villages in Lebanon. "Your military boots will enter enemy territory, enter villages that Hezbollah has prepared as large military outposts with underground infrastructure, staging points, and launch pads (for attacks) into our territory," he told the commanders. "You will go in, destroy the enemy there, and decisively dismantle their infrastructure."

The goal, Halevi said, is to create conditions for displaced residents to return to their homes in northern Israel, where cross-border exchanges of fire with Hezbollah have intensified since October last year, running parallel to a war between Israel and Hamas in the Gaza Strip.

Since Monday, Israel has conducted its most extensive attacks on Lebanon since 2006, resulting in more than 550 deaths and over 1,835 injuries across the country. The bombardment has also displaced many residents.

The sharp escalation has raised concerns about a potential full-scale conflict between Israel and Hezbollah, with fears that other regional powers could also be sucked in.

**Xinhua**

# China-Laos Railway sees passengers from over 100 countries, regions

KUNMING September 26

The China-Laos Railway, which launched its international passenger service on April 13, 2023, has transported passengers from over 100 countries and regions, according to the Mohan border checkpoint in southwest China's Yunnan Province.

As of Wednesday, over 1,260 international passenger trains have facilitated the smooth clearance of more than 282,000 inbound and outbound travellers from 101 countries and regions.

Boosted by the 144-hour visa-free transit policy, the China-Laos Railway international passenger trains have become the preferred choice for travellers from both countries due to their economical, convenient and comfortable travel options for tourism, study, business and cultural exchange.

As a landmark project of high-quality Belt and Road cooperation, the 1,035-km China-Laos Railway connects Kunming with the Laotian capital Vientiane.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Why ARE so many children now short-sighted? Experts reveal their suspicions as new research shows a third of kids need glasses




The pandemic may be to blame for spiralling levels of short-sightedness in children, researchers revealed today.

Experts have long warned it is because youngsters are spending less time outdoors and more time watching TV and playing video games.

But scientists said Covid, which saw millions forced to stay indoors, may have 'accelerated vision deterioration' in kids.

According to the landmark global analysis, one in three kids are now short-sighted or unable to see things in the distance clearly.

Globally, rates of myopia — the medical name for short-sightedness — tripled between 1990 and 2023, rising to 36 percent.




Writing in the British Journal of Ophthalmology, the Chinese experts cautioned: 'Emerging evidence suggests a potential association between the pandemic and accelerated vision deterioration among young adults.'

Short-sightedness occurs when the eyes grow slightly too long, causing light to focus just in front of the retina rather than on it, meaning distant objects appear blurred.

The condition often runs in families and has been linked to focusing on nearby objects, such as books and computers, for long periods in childhood.

Some 20 million Britons and 137 million Americans are thought to have it.

The World Health Organization estimates more than half of the global population will be suffering from short-sightedness by 2050 due to increases in time spent indoors and doing 'near work', such as school work.

But a previous global review on how prevalent the condition is only included studies up to 2015.

To calculate a more accurate picture, the researchers from Sun Yat-sen University in Guangzhou, China, analysed 276 studies involving more than five million children across 50 countries.

Geographic variables were accounted for, they said.

The highest rates were found in East Asia, with 86 percent of children in Japan and 74 percent in South Korea diagnosed with myopia.

Russia followed in third place with more than 40 percent affected.

By comparison, Paraguay and Uganda recorded some of the lowest levels at around one percent.

The UK and US stood at roughly 15 percent.

According to the fresh research, the toll of myopia among children and teenagers is also set to top 740 million cases by 2050.

Girls are likely to have higher rates than boys because they tend to spend less time doing outdoor activities at school and are at home as they grow up, researchers also suggested.

'Despite these known limitations, given the large sample size included, our estimates of the prevalence of myopia are considered to be close to the precise number,' they added.

Signs of the condition include sitting close to the TV, complaining of headaches or tired eyes and regularly rubbing their eyes.

UK eye experts have long advised children to spend at least two hours outside every day, particularly between the age of seven and nine, to reduce their chances of being short-sighted.

It is not clear if it is the presence of natural sunlight, the exercise taken outdoors or the fact that children's eyes are focusing on objects that are further away that makes the difference.

'There is something about being outside that is a real benefit to children,' Daniel Hardiman-McCartney, clinical adviser from the UK College of Optometrists, said.

Myopia cannot be cured but it can be corrected with glasses or contact lenses.

Special lenses can slow down the development of myopia in young children by encouraging the eye to grow differently, but they are expensive.

**WHAT IS THE DIFFERENCE BETWEEN SHORT AND LONG-SIGHTEDNESS?**

Both short-sightedness and long-sightedness are common conditions which diminish a person's eyesight.

Those with short-sightedess (myopia) have difficulty seeing objects at a distance.

Their vision is clear when looking at things up close, but further away objects become out of focus or blurred.

It occurs when the distance from the front to the back of the cornea's curve is too steep. This forces the light to focus in front of the retina, making objects in the distance appear blurred.

Long-sightedness (hyperopia) is the opposite of this and allows people to see objects clearly at a distance but they find it hard to focus on things close to them. Long-sightedness occurs when the distance from the front to the back of the cornea's curve is too steep. **Mail Online**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**





ရေး - ထားဝယ်ရထားလမ်းပိုင်းအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၊ ရေဖြူနှင့် ထားဝယ်ဘူတာကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတား မိုင်းခွဲဖျက်ဆီးခံထားရမှုအခြေအနေကိုတွေ့ရစဉ်။

◆ **ကျောဖုံးမှအဆက်**

မိုင်းခွဲဖျက်ဆီးခြင်း(၁၇၂)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ်ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မြန်မာ့မီးရထား**



## ၂၀၂၅ အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဖွင့်ပွဲစဉ်တွင် အိမ်ရှင်ကာဂျစ်စတန် ယူ-၂၀ အသင်းကို မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်း ၂ ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၂၅ အာရှယူ-၂၀ ပြိုင်ပွဲခြေစစ်ပွဲ အုပ်စု(I) အုပ်စုအဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာလ ၂၅ ရက် ညပိုင်းက ကာဂျစ်စတန်နိုင်ငံ Bishkek မြို့ရှိ Dolen Omurzakov Stadium ၌ အိမ်ရှင်ကာဂျစ်စတန်ယူ-၂၀ အသင်းနှင့် မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းတို့ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းမှ ဟန်မြင့်မြတ်ထွန်း၊ လတ်ဝေဘုန်း၊ ခန့်ဇင်ဟိန်း၊ ဆင်မြူရယ်နဂိုင်ကီ၊ စွမ်းထက်၊ စောဆေးကပေါ်စေး၊ ဝင်းပြည့်မောင်၊ ကောင်းခန့်ကျော်၊ ရှိုင်းဝဏ္ဏအောင်၊ ခွန်ချိုထူး၊ ဖြိုးပြည့်စုံ အစရှိသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အိမ်ရှင်ကာဂျစ်စတန်ယူ-၂၀အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းကလည်း အကောင်းဆုံးပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း အာမီကော့ဗ်နှင့် အယ်မာဇီဗီကော့ဗ်တို့က ကာဂျစ်စတန် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အိမ်ရှင်ကာဂျစ်စတန် ယူ-၂၀ အသင်းက မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၅ အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(I) အခြားပွဲစဉ်အဖြစ် ဂျပန် ယူ-၂၀ အသင်းနှင့် တာ့ခ်မင်နစ္စတန် ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ဂျပန် ယူ-၂၀ အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**စည်သူအောင်**

ENERGY

## ဟွန်ဒေးက အမှိုက်မှဟိုက်ဒရိုဂျင်ထုတ်လုပ်မည့် ကမ္ဘာ့အကြီးဆုံးစက်ရုံကိုပြသ

တောင်ကိုရီးယားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဟွန်ဒေးကုမ္ပဏီက အမှိုက်မှဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်မည့် ကမ္ဘာ့အကြီးဆုံးစက်ရုံကို MEET ညီလာခံ၌ ထုတ်ဖော်ပြသလိုက်သည်။

ထိုစက်ရုံကြီးတွင် စက်ရုံခွဲနှစ်ခုပါဝင်ကာ တစ်ခုက သဘာဝအမှိုက်များမှနေ၍ ဟိုက်ဒရိုဂျင်ထုတ်လုပ်မည်ဖြစ်ပြီး ကျန်တစ်ခုမှာ ပလတ်စတစ်အမှိုက်မှ ဟိုက်ဒရိုဂျင်စွမ်းအင်ကို ထုတ်လုပ်သည့်စက်ရုံဖြစ်သည်။


အဆိုပါစက်ရုံနှစ်လုံးပေါင်း၏ တစ်နှစ်တာဟိုက်ဒရိုဂျင်ထုတ်လုပ်မှုပမာဏသည် တန်ချိန် ၃၀၀၀၀ ကျော်ရှိမည်ဖြစ်သောကြောင့် ကမ္ဘာပေါ်တွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ထုတ်လုပ်သည့် အကြီးဆုံးစက်ရုံဖြစ်လာခြင်းဖြစ်သည်။

ယင်းစက်ရုံများကို အကောင်အထည်ဖော်ခြင်းအားဖြင့် မီသိန်းဓာတ်ငွေ့ထွက်ရှိသည့်အမှိုက်များကြောင့်ဖြစ်သောကမ္ဘာကြီးပူနွေးမှုကိုလည်း တားဆီးကာကွယ်ရာရောက်စေမည်ဖြစ်သည်။

ထိုစက်ရုံစီမံကိန်းကို HTWO Grid ဖြေရှင်းမှုဟုအမည်ပေးထားပြီး ဟွန်ဒေးကထုတ်လုပ်မှုမှသည် အသုံးပြုမှုအထိပါဝင်သည့် ကွင်းဆက်တစ်ခုလုံးကိုချိတ်ဆက်ခြင်းအားဖြင့် ၎င်းတို့၏ဟိုက်ဒရိုဂျင်စီးပွားရေးကို တိုးမြှင့်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။

Ref: IE

K.H



## အော့ကလိုက အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရေးလုပ်ငန်းများစတင်

Open AI မှ အမှုဆောင်အရာရှိချုပ်ဖြစ်သည့် ဆမ်အော့တမန်း၏ အော့ကလိုကုမ္ပဏီက အမေရိကန်နိုင်ငံ အီဒါဟိုပြည်နယ်၌ အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။

AI နည်းပညာတိုးတက်လာသည်နှင့် အမျှ ဒေတာစင်တာများလည်းလိုအပ်မှုများပြားလာပြီး ထိုစင်တာများအနေဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုမှုများစွာလိုအပ်သောကြောင့် အော့ကလိုက ယခုကဲ့သို့ အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုကိုတည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါအသေးစားနျူကလီးယားဓာတ်ပေါင်းဖိုသည် လျှပ်စစ်ဓာတ်အားပမာဏ ၁၅ မှ ၁၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ သမားရိုးကျနျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံးကမူ ၁၀၀၀ မဂ္ဂါဝပ်အထိထုတ်လုပ်ပေးနိုင်သည်။

ထို့ပြင် အော့ကလို၏နည်းပညာသည် ဓာတ်ပေါင်းဖိုများကိုအအေးပေးနိုင်ရေးအတွက် ရေကိုအသုံးပြုရန်မလိုသည့်နည်းပညာဖြစ်သည်။ အလားတူ အသုံးပြုထားပြီးဖြစ်သော နျူကလီးယားလောင်စာများကို တစ်ဖန်ပြန်လည်အသုံးချနိုင်ရန် နည်းလမ်းများကိုလည်း အော့ကလိုကရှာဖွေနေသည်။

Ref: IE

K.H



MILITARY

## DARPA က အဆင့်မြင့် AI လေကြောင်းတိုက်ပွဲစနစ်အတွက် ဒေါ်လာလေးသန်းရင်းနှီးမြှုပ်နှံ




အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကာကွယ်ရေးဆိုင်ရာအဆင့်မြင့်သုတေသနစီမံကိန်းများအေဂျင်စီ (DARPA) က အဆင့်မြင့် AI လေကြောင်းတိုက်ပွဲစနစ်အတွက် ဩစတြေးလျနိုင်ငံရှိ BAE Systems ကုမ္ပဏီတွင် အမေရိကန်ဒေါ်လာလေးသန်း ရင်းနှီးမြှုပ်နှံလိုက်ပြီဖြစ်သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုမှနေ၍ AI စစ်ကူစီမံကိန်းအဆင့်(၁)ကို သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုများလုပ်သွားရမည်ဖြစ်သည်ဟု DARPA ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

AI စစ်ကူစီမံကိန်းသည် လေကြောင်းတိုက်ပွဲ၏စိန်ခေါ်မှုများ၊ အလိုအလျောက်စနစ်သုံးပစ္စည်းများ ပေါင်းစည်းမှုအပေါ်ရှုပ်ထွေးမှုဖြစ်စေသည့် သေချာရေရာမှုမရှိသောပတ်ဝန်းကျင်အခြေအနေကို ကျော်လွှားနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ထို့ပြင် မျက်စိတစ်ဆုံးနောက်ပိုင်းရှိလေကြောင်းတိုက်ပွဲဝင်ရည်မှန်းချက်များအတွက် လွှမ်းမိုးမှုရှိသည့်အလိုအလျောက်စနစ်ကို ထုတ်ဖော်နိုင်ရန်မှာ အဆိုပါစီမံကိန်း၏ရည်မှန်းချက်ဖြစ်သည်။

ယင်းစီမံကိန်းမှ ထွက်ပေါ်လာမည့် ဖွံ့ဖြိုးတိုးတက်မှုများကို F-16 တိုက်လေယာဉ်များတွင် တင်ဆောင်စမ်းသပ်မှုများလုပ်သွားမည်ဖြစ်သည်။

Ref: AR

K.H

## တရုတ်က DFX-50 အသေခံဒရုန်းတစ်မျိုးကို ထုတ်ဖော်ပြသ




တရုတ်နိုင်ငံမှ ကာကွယ်ရေးပစ္စည်းများထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက DFX-50 အသေခံဒရုန်းတစ်မျိုးကို အာဖရိကလေကြောင်းနှင့်ကာကွယ်ရေးပစ္စည်းပြပွဲတွင်ထုတ်ဖော်ပြသလိုက်သည်။

DFX-50 ကိုဖန်တီးရာတွင် ပေါင်းစပ်ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထားခြင်းဖြစ်သည်။ ထိုသို့အသုံးပြုထားသည့်အတွက် လေယာဉ်ကိုယ်ထည်ကုန်ကျစရိတ်ကိုသက်သာစေပြီး လွယ်လင့်တကူထုတ်လုပ်နိုင်စေမည်ဖြစ်သည်။

ယခုဖန်တီးထားသည့်ဒီဇိုင်းအရ အဆိုပါဒရုန်းကို မည်သည့်စစ်မြေပြင်နေရာတွင်မဆိုအသုံးပြုနိုင်မည်ဟု ကုမ္ပဏီကပြောသည်။ အရှည် ၁ ဒသမ ၆ မီတာရှိ ထိုဒရုန်းက ဖောက်ခွဲရေးပစ္စည်းကို ငါးကီလိုဂရမ်အထိတင်ဆောင်နိုင်သည်။

Ref: AR

K.H

## အမေရိကန်ရေတပ်က AGM-158C ဒုံးကျည်များကို F-35C ဖြင့်စမ်းသပ်

အမေရိကန်ရေတပ်က AGM-158C ဒုံးကျည်များကို F-35C တွင်တင်ဆောင်ပြီး စမ်းသပ်မှုများလုပ်ဆောင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

AGM-158C သည် တာဝေးပစ်သင်္ဘောဖျက်ဒုံးကျည်အမျိုးအစားဖြစ်သည်။ ထိုဒုံးကျည်ကို F-35C လေယာဉ်တွင်တင်၍ အမှန်တကယ်စစ်ဆင်ရေးဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိကို စမ်းသပ်မှုများလုပ်ခြင်းဖြစ်သည်။




ဒုံးကျည်၏အရွယ်အစားကြီးမားသောကြောင့် လေယာဉ်ကိုယ်ထည်တွင်ချိတ်ဆွဲရသည့်အတွက် လေယာဉ်၏ကိုယ်ပျောက်စွမ်းဆောင်ရည်အပေါ် ထိခိုက်မှုရှိစေမည်ဖြစ်သော်လည်း တိုက်ခိုက်နိုင်စွမ်းကိုမူ တိုးတက်စေမည်ဖြစ်သည်။

Ref: AR

K.H

## ဝံပုလွေကို အိမ်ထဲမသွင်းရန် တရုတ်က ဂျပန်ကိုသတိပေး

**ပေကျင်း၊ နိုင်ငံရေး**


ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ကာကွယ်ရေးပစ္စည်းများကို နိုင်ငံအတွင်း ဖြန့်ကြက်ချထားခြင်းဖြင့် ဝံပုလွေကို အိမ်ထဲမသွင်းရန် တရုတ်အစိုးရက စက်တင်ဘာလ ၂၆ ရက်တွင် သတိပေးလိုက်ကြောင်း သိရသည်။

အမေရိကန်က ဂျပန်နိုင်ငံ၌ တာလတ်ပစ်ဒုံးကျည်ဖြန့်ကြက်ချထားရန် စီစဉ်နေမှုနှင့်ပတ်သက်၍ ယင်းအစီအစဉ်သည် ဒေသတွင်းလုံခြုံရေးအပေါ် သက်ရောက်မှုများရှိစေမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကျန်းရှောင်ကန်းက သတင်းစာရှင်းလင်းပွဲ၌ပြောခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးက ဂျပန်နိုင်ငံအတွင်း စစ်လက်နက်ပစ္စည်းများဖြန့်ကြက်ချထားနိုင်ရန် ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့်ဆွေးနွေးနေသည်ဟူသော သတင်းများထွက်ပေါ်ပြီးနောက် တရုတ်အစိုးရ၏ သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖြန့်ကြက်ချထားဖွယ်ရှိသည့်စစ်လက်နက်ပစ္စည်းများတွင် Typhon အမျိုးအစားတာလတ်ပစ်ဒုံးကျည်စနစ်လည်းပါဝင်နိုင်သည်ဟု လေ့လာသူများကထင်ကြေးပေးထားသည်။

ယင်းကဲ့သို့သောလက်နက်များကိုဖြန့်ကြက်ချထားခြင်းသည် အာရှ-ပစိဖိတ်ဒေသအတွင်း လက်နက်အပြိုင်တပ်ဆင်မှုဆီ ဦးတည်စေမည်ဖြစ်ကြောင်း၊ ဒေသတွင်းလုံခြုံရေးအပေါ် ခြိမ်းခြောက်စေမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့မဟာဗျူဟာမြောက်ဟန်ချက်ညီမှုနှင့်တည်ငြိမ်မှုကိုပျက်ပြားစေမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အလားတူ အမေရိကန်အနေဖြင့် တင်းမာမှုမြင့်တက်စေမည့်လုပ်ဆောင်မှုများကိုရပ်တန့်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောထားသည်။ **Ref: Xinhua**



## စစ်ပွဲနှင့်ရာသီဥတုက ကမ္ဘာ့စီးပွားရေးတိုးတက်မှုအပေါ် ဖိစီးမှုဖြစ်စေ

**လန်ဒန်၊ စီးပွားရေး**

လက်ရှိကမ္ဘာပေါ်တွင်ဖြစ်ပွားနေသော စစ်ပွဲများနှင့် ပြောင်းလဲလာနေသော ရာသီဥတုတို့က ကမ္ဘာ့စီးပွားရေးတိုးတက်မှုအပေါ် ဖိစီးမှုဖြစ်စေကြောင်း ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဥရောပဘဏ် (EBRD)က စက်တင်ဘာလ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း တစ်ကမ္ဘာလုံး၏ဂျီဒီပီတိုးတက်မှုသည် ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိမည်ဟု EBRD ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအခြေအနေတွင် ဒေသအများအပြားသည် အခက်အခဲအကျပ်အတည်းများနှင့်ရင်ဆိုင်နေရကြောင်း၊ ၂၀၂၂ ခုနှစ်နောက်ပိုင်း လောင်စာဆီဈေးနှုန်းများမြင့်တက်လာကာ ဥရောပ၏ဓာတ်ဆီဈေးနှုန်းသည် အမေရိကန်နိုင်ငံထက် ငါးဆမြင့်မားလာကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ကာဇက်စတန်နှင့်ဥဇဘက်ကစ္စတန်တို့တွင် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ ရပ်ဆိုင်းကာ ဂါဇာနှင့်လက်ဘနွန်တို့တွင် ပဋိပက္ခဖြစ်ပွားမှုများ၊ နေရာအချို့တွင် မိုးခေါင်မှုများက စီးပွားရေးတိုးတက်မှုကို ဟန့်တားနေခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

**Ref: RTA**



## ချူကလီးယားမူဝါဒအသစ်က အနောက်အုပ်စုကိုရည်ညွှန်းခြင်းဖြစ်ဟု ရုရှားပြော

**မော်စကို၊ နိုင်ငံရေး**

ရုရှားအစိုးရက ပြန်လည်ပြင်ဆင်ရေးဆွဲလိုက်သော နျူကလီးယားမူဝါဒအသစ်က အနောက်အုပ်စုကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ရုရှားသမ္မတရုံးက စက်တင်ဘာလ ၂၆ ရက်တွင်ပြောသည်။

ရုရှားအပေါ် ကြီးမားသည့်လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ပါက တိုက်ခိုက်သူသည် နျူကလီးယားလက်နက်မပိုင်ဆိုင်လင့်ကစား ထိုနိုင်ငံအပေါ် နျူကလီးယားလက်နက်အသုံးပြုတိုက်ခိုက်သွားမည့် မူဝါဒကို ရုရှားသမ္မတဗလာဒီမာပူတင်က စက်တင်ဘာလ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

အထူးသဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်သောနိုင်ငံများ၏ထောက်ပံ့မှုရရှိထားသည့် နျူကလီးယားလက်နက်မပိုင်ဆိုင်သောနိုင်ငံများကို ရုရှားက နျူကလီးယားဖြင့်တိုက်ခိုက်နိုင်သည်ဟု မူဝါဒကို ပြင်ဆင်ရေးဆွဲလိုက်ခြင်းဖြစ်သည်။

ထိုမူဝါဒကို အနောက်အုပ်စုအနေဖြင့် အလေးအနက်ထား စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း သမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူကပြောသည်။ ယူကရိန်းက အနောက်အုပ်စုမှ တာဝေးပစ်လက်နက်များအသုံးပြုခွင့်တောင်းခံနေစဉ် ယခုမူဝါဒထွက်ပေါ်လာခြင်းဖြစ်သည်။ **Ref: RTA**

## သတင်းတိုကဏ္ဍ

### ဟာရီကိန်းမုန်တိုင်းဟယ်လင် ဖလော်ရီဒါကမ်းရိုးတန်းအနီးသို့ ဝင်ရောက်တိုက်ခတ်လာ

ပြင်းအားအဆင့် ၄ ရှိ ဟာရီကိန်းမုန်တိုင်းဟယ်လင်သည်စက်တင်ဘာလ ၂၆ ရက်တွင် ဖလော်ရီဒါကမ်းရိုးတန်းအနီးသို့ ဝင်ရောက်တိုက်ခတ်လာပြီဖြစ်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

မုန်တိုင်းကြောင့် ပင်လယ်ပြင်၌ အမြင့်ခြောက်မီတာရှိ လှိုင်းလုံးကြီးများဖြစ်ပွားကာ လေပြင်းများလည်းတိုက်ခတ်သောကြောင့် ဒေသခံများမှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရကြောင်း တာဝန်ရှိသူများကပြောသည်။

လျင်မြန်စွာရွေ့လျားလာနေသော ထိုမုန်တိုင်းသည် စက်တင်ဘာလ ၂၆ ရက်နံနက်ပိုင်းတွင် ပြင်းအားအဆင့် ၂ နှင့် လေတိုက်နှုန်း တစ်နာရီလျှင် ၁၅၅ ကီလိုမီတာရှိသည်။

ထို့ပြင် မုန်တိုင်းသည် စက်တင်ဘာလ ၂၇ ရက်နံနက်အစောပိုင်းတွင် ကုန်းတွင်းပိုင်းသို့ဝင်ရောက်လာနိုင်ပြီး မိုးရေချိန် ၄၆ စင်တီမီတာအထိရွာသွန်းကာ အသက်ဘေးကိုခြိမ်းခြောက်နိုင်သော ရေကြီးမှုများလည်းဖြစ်ပွားနိုင်သည်ဟု တာဝန်ရှိသူများကသတိပေးထားသည်။ **Ref: RTA**

### ဘိုင်ဒင်က ယူကရိန်းကို ဒေါ်လာရှစ်ဘီလီယံကျော် စစ်ရေးအကူအညီပေးမည်

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယူကရိန်းနိုင်ငံကို ဒေါ်လာရှစ်ဘီလီယံကျော်တန်ဖိုးရှိ စစ်ရေးအကူအညီများပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၆ ရက်တွင်ထုတ်ပြန်ကြေညာသည်။

ထိုကဲ့သို့ကူညီပေးခြင်းသည် ရုရှားနှင့်ဖြစ်ပွားနေသောစစ်ပွဲ၌ ယူကရိန်းအနေဖြင့် အနိုင်ရရှိစေရန်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

ပေးအပ်သွားမည့်စစ်ရေးအကူအညီများတွင် ကီလိုမီတာ ၁၃၀ အထိရောက်ရှိနိုင်သည့် တိကျပဲ့ထိန်းလေဟုန်စီးဗုံးများ ပထမဆုံးပေးအပ်မှုလည်းပါဝင်မည်ဖြစ်သည်။

ထို့ပြင် ယူကရိန်းနိုင်ငံကိုထောက်ပံ့ရေးသည် အမေရိကန်အစိုးရ၏ဦးစားပေးကိစ္စရပ်တစ်ခုဖြစ်ကြောင်း ဂျိုးဘိုင်ဒင်ကပြောထားသည်။

ယခုကဲ့သို့ထောက်ပံ့ပေးမှုတွင် ယူကရိန်းအတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ဝေဟင်မှမြေပြင်ပစ်ခဲယမ်းများလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ **Ref: RTA**

### နှလုံးရောဂါ၊ ကင်ဆာနှင့် လေဖြတ်ခြင်းတို့က ဖိလစ်ပိုင်၌ လူသေဆုံးမှုအများဆုံးသောရောဂါများဖြစ်

နှလုံးရောဂါ၊ ကင်ဆာနှင့်လေဖြတ်ခြင်းတို့က ၂၀၂၃ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၌လူသေဆုံးမှုအများဆုံးသောရောဂါများဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းရုံးက စက်တင်ဘာလ ၂၆ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါရောဂါများသည် ၂၀၂၂ ခုနှစ်တွင်လည်း လူသေဆုံးမှုအများဆုံးကိုဖြစ်ပေါ်စေသည့် ရောဂါများဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယင်းသို့သေဆုံးသူများအနက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း နှလုံးရောဂါနှင့်သေဆုံးသူအရေအတွက်မှာ နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ ၁၈ ဒသမ ၇ ရာခိုင်နှုန်းဖြစ်သည်။

အလားတူ ကင်ဆာရောဂါသည် ၁၀ ဒသမ ၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လေဖြတ်ခြင်းသည် ၁၀ ဒသမ ၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း လူသေဆုံးမှုအများဆုံးသောရောဂါများအဖြစ် ဒုတိယနေရာနှင့် တတိယနေရာတို့တွင် ရပ်တည်နေကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။ **Ref: Xinhua**

### အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဘာသာရေးပွဲတစ်ခုတွင် လူ ၄၆ ဦးရေနစ်သေဆုံး

အိန္ဒိယနိုင်ငံ၌ကျင်းပသော ဟိန္ဒူဘာသာရေးပွဲတစ်ခုတွင် ကလေးငယ် ၃၇ ဦးအပါအဝင် လူ ၄၆ ဦးရေနစ်သေဆုံးသည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၂၆ ရက်တွင်ပြောသည်။

အဆိုပါရေနစ်သေဆုံးမှုများက နိုင်ငံအရှေ့ပိုင်းရှိ ဘီဟာပြည်နယ်၌ဖြစ်ပွားခြင်းဖြစ်ပြီး ရိုးရာအစဉ်အလာအရ မြစ်များအတွင်းရေဆင်းချိုးစဉ် ရေနစ်ခြင်းဖြစ်သည်ဟု ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မကြာသေးမီကဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့် မြစ်ရေနှင့်ကန်ရေများမြင့်တက်နေမှုကို လူအများကသတိမမူဘဲ ရိုးရာအတိုင်းရေချိုးခြင်းကိုလုပ်ဆောင်ခြင်းကြောင့် ယခုကဲ့သို့ရေနစ်ရခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတာဝန်ရှိသူတစ်ဦးကပြောသည်။ ရေနစ်သူများအနက် နောက်ထပ် အလောင်းသုံးလောင်းကို ဆယ်ယူနိုင်ရန်ကြိုးစားနေဆဲဖြစ်ကြောင်း သိရသည်။ **Ref: RTA**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၆**

၂၀၂၄ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနား (World Maritime Day 2024) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းရှိ ရေကြောင်းဘက်ဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ သင်တန်းကျောင်းများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ တာဝန်ရှိသူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်ဝန်ထမ်းများ၊ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ **"အန္တရာယ်ကင်းရှင်းရေးဦးစားပေး၊ အနာဂတ် ရေကြောင်းမောင်းနှင်ရေး"** ဟူ၍ ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များဖြစ်သည့် ပန်းတိုင် ၇၊ ပန်းတိုင် ၈၊ ပန်းတိုင် ၉၊ ပန်းတိုင် ၁၃၊ ပန်းတိုင် ၁၄ တို့နှင့်အညီ ပင်လယ်ပြင်၌ အန္တရာယ်ကင်းရှင်းမှုမြှင့်တင်ရေးနှင့် ပတ်သက်၍ အရေးပါသည့်ကိစ္စရပ်များကို အလေးထားဖော်ပြခြင်းဖြစ်ကြောင်း။

ရေယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးတို့သည် ရေကြောင်းကဏ္ဍ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော်လည်း ရေကြောင်းအန္တရာယ်ကင်းရှင်းရေးသည် မိမိတို့၏ အဓိကဦးစားပေးဖြစ်ကြောင်း၊ ရေကြောင်းကဏ္ဍတွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ သင်္ဘောမောင်းဆီအစားထိုးလောင်စာအသုံးပြုခြင်း၊ ဒစ်ဂျစ်တယ်စနစ်အသုံးပြုခြင်းနှင့် အလိုအလျောက်မောင်းနှင်သည့်စနစ်များကို ထိထိရောက်ရောက်ကိုင်တွယ်အသုံးပြုနိုင်ရန် လွန်စွာအရေးကြီးကြောင်း။

အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့၏ အန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရန် တိုက်တွန်းလိုကြောင်းနှင့် နောင်ကြုံတွေ့နိုင်သည့် ရေကြောင်းကဏ္ဍရှိ စိန်ခေါ်မှုအသစ်များကိုလည်း အတူတကွ ရင်ဆိုင်ကျော်ဖြတ်ပြီး မိမိတို့အားလုံး၏ အန္တရာယ်ကင်းရှင်းမှုအတွက် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့လာသော သဝဏ်လွှာ Video Clip ကို ဖွင့်လှစ်ပြသပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ၂၀၂၄ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၃ ခုနှစ်အတွင်း မြန်မာသင်္ဘောသားများကို အလုပ်အကိုင်အခွင့်အလမ်း အများဆုံးရှာဖွေပေးနိုင်သည့် သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း (SRPS) ကုမ္ပဏီသုံးခုနှင့် အချိန်တိုအတွင်း သင်္ဘောသားအလုပ်အကိုင်အခွင့်အလမ်း အများဆုံးရှာဖွေပေးနိုင်သည့် SRPS ကုမ္ပဏီတစ်ခုတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ်ပြခန်းအတွက် ပြကွက်တစ်ခုချင်းအလိုက် လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် Myanmar Maritime Forum နှင့် Stakeholders Consultation Workshop on Marine Pollution Law (draft) တို့ကို တစ်ပြိုင်တည်းကျင်းပသည်။ ညပိုင်းတွင် ရန်ကုန်မြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားများနှင့် ဆိုက်ကပ်ထားသောသင်္ဘောများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများ ထွန်းညှိခဲ့ကြကြောင်း သိရသည်။

(၅၀၀)

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၂၇-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၅ | ၃၂၁၅ | ၃၀၉၀ | ၃၀၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၀၈၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၀၅ | ၃၁၁၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၅၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၅၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၁၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၀၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၀၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၀၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရေကြီးရေလျှံမှုကြောင့် သီးနှံများထိခိုက်ပျက်စီးခဲ့သည့် ဧရိယာများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေးဆွေးနွေး

**ပဲခူး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် သီးနှံများထိခိုက်ပျက်စီးခဲ့သည့် ဧရိယာများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်တင်ဘာလအတွင်း ဒုတိယအကြိမ်ရေကြီးရေလျှံမှုသည်အချိန်ကာလကြာမြင့်ခြင်းကြောင့် မိုးသီးနှံထိခိုက်ပျက်စီးမှုများ များပြားလာနိုင်သဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေးအတွက် ဆောင်းသီးနှံနှင့်နွေစပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်၍ အောင်ရေပေးသည့် တမံများတွင် ရေဝင်ရောက်မှုအား ပိုမိုသိုလှောင်သိမ်းဆည်းရန်လိုအပ်ကြောင်း၊ မိုးသီးနှံအလိုက် ထိခိုက်/ပျက်စီးဧကများနှင့်ပတ်သက်၍ စာရင်းဇယားအချက်အလက်များ မှန်ကန်စွာကောက်ယူရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများက စက်တင်ဘာလအတွင်း ဒုတိယအကြိမ်ရေကြီးရေလျှံခဲ့မှုကြောင့် မိုးသီးနှံအလိုက် ထိခိုက်ပျက်စီးခဲ့မှုအပေါ် သီးနှံအမျိုးအစားအလိုက်ပြန်လည်စိုက်ပျိုးမည့် လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြခဲ့ကြသည်။ ၎င်းနောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များ စုဆောင်းထားရှိမှုအခြေအနေများကို တင်ပြခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်အစီအမံများအား မှာကြားခဲ့ပြီး သီးခြားလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၂၆.၉.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၆.၉.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၉၀၉၇ | ၆၂၇.၆၅ | ၅၆၇၆၅၅ | ၁၈၁၅၈ (လျှပ်စစ်ထုတ်ရေ) | - | - | ၄.၂၆ | ၂၄၃၉၆ | - | ၆၂၈.၄၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၇၈ | ၆၂၄.၅၀ | ၂၅၈၉၅ | ၂၆၆ | ၁၀.၅၀ | ၁၀၆၀၅ | - | - | ၀.၉၀ | ၆၂၄.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၅၈၆ | ၅၁၈.၈၅ | ၈၈၆၃၁ | - | ၁.၁၅ | ၃၁၃၉ | - | - | ၀.၁၄ | ၅၁၈.၆၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၈ | ၅၁၀.၆၅ | ၁၁၂၁၁ | - | ၁.၃၅ | ၁၀၄၆ | - | - | - | ၅၁၀.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၈ | ၄၃၇.၀၀ | ၆၇၀၀၀ | ၂၄ | ၂.၀၀ | ၆၀၀၀ | - | - | - | ၄၃၇.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၆၄ | ၅၃၅.၄၀ | ၇၆၁၅၀ | - | - | - | ၀.၄၀ | ၁၁၉ | - | ၅၃၅.၅၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၆၅ | ၇၉၅၆ | - | ၁.၃၅ | ၇၆၂ | - | - | - | ၄၁၆.၆၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၂၂ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၁ | ၆၀၂.၀၀ | ၅၀၀ | - | - | - | ကန်ရေပြည့် | | - | ၆၀၂.၁၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၀ | ၈၆၅.၀၀ | ၁၀၉၈၀ | - | ၅.၀၀ | ၃၆၂၀ | - | - | ၀.၄၂ | ၈၆၅.၁၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (၂၆.၉.၂၀၂၄)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ၏ အခြေအနေ

| စဉ် | ရေလှောင်တမံ/ ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | ယခင်နေ့ ရေမှတ် (ပေ) | (၂၆.၉.၂၀၂၄) ရေမှတ် (ပေ) | ရေပိုလွှဲမှ ရေကျော်သည့် အမြင့် (ပေ) | (၂၅.၉.၂၀၂၄) နေ့နှင့် နှိုင်းယှဉ်ချက် (ပေ) (+/-) | တမံထိပ် ရောက်ရှိရန်လို (ပေ) | မိုးရေချိန် (လက်မ) | အမြင့်ဆုံး ရောက်ရှိခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော်ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိခဲ့သည့် ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၄.၀၀ | ၆၃.၈၀ | ၀.၈၀ | -၀.၂၀ | ၇.၂၀ | - | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ |
| | | **ချင်းပြည်နယ်** | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၃.၉၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၅၀ | ၀.၀၀ | ၅.၀၀ | - | - | - | - |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၁၀ | ၀.၀၀ | ၉.၁၅ | - | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၃၅ | ၀.၀၀ | ၉.၆၅ | - | - | - | - |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၆.၇၀ | ၄၈၇.၅၀ | ၀.၅၀ | ၀.၈၀ | ၁၀.၅၀ | ၀.၉၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၁.၅၀ | ၆၄၂.၂၀ | ၁.၇၀ | ၀.၇၀ | ၁၇.၈၀ | ၁.၈၀ | ၆၅၃.၆၀ | ၁၃.၁၀ | ၃၀.၇.၂၀၁၅ |
| | | **ပဲခူးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၇၀ | ၂၂၀.၅၀ | ၀.၅၀ | -၀.၂၀ | ၉.၅၀ | - | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၁၀ | ၀.၁၀ | ၀.၀၀ | ၉.၉၀ | - | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ |
| ၉ | ငမြေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၃၀ | ၀.၃၀ | ၀.၀၀ | ၈.၇၀ | - | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ |
| ၁၀ | ဘောနီ | ညောင်လေးပင်/ဒိုက်ဦး | ၁၇၅.၀၀ | ၁၈၇.၀၀ | ၁၇၅.၃၀ | ၁၇၅.၂၀ | ၀.၂၀ | -၀.၁၀ | ၁၁.၈၀ | - | ၁၇၉.၃၀ | ၄.၃၀ | ၈.၁၀.၂၀၂၃ |
| ၁၁ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၉၀ | ၁၅၆.၇၀ | ၀.၇၀ | -၀.၂၀ | ၇.၃၀ | - | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ |
| ၁၂ | ရွှေပြည်(၃) | ပဲခူး/ပဲခူး | ၇၀.၀၀ | ၈၀.၀၀ | ၇၀.၄၀ | ၇၀.၃၀ | ၀.၃၀ | -၀.၁၀ | ၉.၇၀ | ၀.၂၀ | ၇၂.၀၀ | ၂.၀၀ | ၁၃.၈.၂၀၀၄ |
| ၁၃ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၉၃ | ၂၀၂.၉၃ | ၁.၄၈ | ၀.၀၀ | ၁၈.၂၁ | - | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ |
| ၁၄ | ကန်ကြီးကုန်း | ပြည်/ပြည် | ၃၀၀.၀၀ | ၃၁၀.၀၀ | ၃၀၀.၃၀ | ၃၀၀.၂၀ | ၀.၂၀ | -၀.၁၀ | ၉.၈၀ | - | ၃၀၂.၈၀ | ၂.၈၀ | ၉.၉.၂၀၀၂ |

စာမျက်နှာ ၂၈ သို့ ●

● စာမျက်နှာ ၂၇ မှအဆက်

| စဉ် | ရေလှောင်တမံ/ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်ရေမှတ် (ပေ) | တမံထိပ်ပြင်မြင့်အမှတ် (ပေ) | ယခင်နေ့ရေမှတ် (ပေ) | (၂၆.၉.၂၀၂၄) ရေမှတ် (ပေ) | ရေပိုလွှဲမှရေကျော်သည့်အမြင့် (ပေ) | (၂၅.၉.၂၀၂၄) နေ့နှင့်နှိုင်းယှဉ်ချက် (ပေ) (+/-) | တမံထိပ်ရောက်ရှိရန်လို (ပေ) | မိုးရေချိန် (လက်မ) | အမြင့်ဆုံးရောက်ရှိခဲ့သည့်ရေမှတ် (ပေ) | အမြင့်ဆုံးရေကျော်ခဲ့သည့်အမြင့်(ပေ) | အမြင့်ဆုံးရေမှတ်ရောက်ရှိခဲ့သည့်ရက်စွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၅ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၅၀ | ၁၉၄.၅၀ | ၁.၅၀ | ၀.၀၀ | ၉.၀၀ | - | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ |
| ၁၆ | ခေါ် | ပြည်/ပန်းတောင်း | ၂၃၀.၀၀ | ၂၄၀.၀၀ | ၂၃၂.၄၀ | ၂၃၁.၀၅ | ၁.၀၅ | -၁.၃၅ | ၈.၉၅ | ၀.၃၃ | ၂၃၉.၅၀ | ၉.၅၀ | ၁၁.၆.၂၀၁၆ |
| ၁၇ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၈.၁၅ | ၂၅၈.၁၅ | ၃.၁၅ | ၀.၀၀ | ၁၁.၈၅ | ၀.၈၂ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ |
| ၁၈ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၆.၉၀ | ၂၆၆.၅၀ | ၁.၅၀ | -၀.၄၀ | ၁၃.၅၀ | ၀.၃၅ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ |
| ၁၉ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၂.၀၅ | ၁၅၁.၉၀ | ၁.၉၀ | -၀.၁၅ | ၈.၁၀ | ၀.၆၂ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ |
| ၂၀ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၈၀ | ၂၃၆.၆၅ | ၂.၆၅ | -၀.၁၅ | ၉.၃၅ | - | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၂၁ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၆.၅၀ | ၆၈၅.၇၀ | ၂.၇၀ | -၀.၈၀ | ၂၀.၈၀ | - | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ |
| ၂၂ | ပုလင်း | မကွေး/မြို့သစ် | ၆၈၅.၀၀ | ၇၀၀.၀၀ | ၆၈၆.၂၀ | ၆၈၅.၇၀ | ၀.၇၀ | -၀.၅၀ | ၁၄.၃၀ | - | ၆၉၀.၆၀ | ၅.၆၀ | ၄.၁၀.၂၀၁၁ |
| ၂၃ | စွန်ချောင်း | မကွေး/မြို့သစ် | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၅.၅၀ | ၆၂၅.၅၀ | ၀.၅၀ | ၀.၀၀ | ၁၄.၅၀ | - | ၆၃၀.၂၀ | ၅.၂၀ | ၄.၁၀.၂၀၁၁ |
| ၂၄ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၂.၅၀ | ၁၀၁၃.၁၀ | ၃.၁၀ | ၀.၆၀ | ၁၆.၉၀ | ၀.၇၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၂၁ |
| ၂၅ | ဝန်ချောင်း(ကဗွန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၀.၀၀ | ၄၁၁.၀၀ | ၁.၀၀ | ၁.၀၀ | ၉.၀၀ | - | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ |
| ၂၆ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၃.၅၀ | ၇၆၂.၄၀ | ၂.၄၀ | -၁.၁၀ | ၁၇.၆၀ | ၀.၃၄ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ |
| ၂၇ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၇.၉၀ | ၅၂၇.၃၀ | ၇.၃၀ | -၀.၆၀ | ၃၂.၇၀ | ၀.၀၃ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ |
| ၂၈ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၆၀ | ၆၂၆.၅၀ | ၁.၅၀ | -၀.၁၀ | ၁၃.၅၀ | ၀.၀၅ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ |
| ၂၉ | ရင်းရှည် | မင်းဘူး/ငဖဲ | ၆၀၂.၀၀ | ၆၁၀.၀၀ | ၆၀၂.၅၀ | ၆၀၂.၄၀ | ၀.၄၀ | -၀.၁၀ | ၇.၆၀ | - | ၆၀၉.၁၀ | ၇.၁၀ | ၁၄.၅.၂၀၂၃ |
| ၃၀ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၈.၂၀ | ၃၄၈.၁၀ | ၈.၁၀ | -၀.၁၀ | ၃၂.၄၀ | - | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ |
| ၃၁ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၁.၅၀ | ၄၂၁.၂၀ | ၁.၂၀ | -၀.၃၀ | ၁၆.၈၀ | - | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ |
| ၃၂ | ပဒဲ | သရက်/အောင်လံ | ၄၉၅.၀၀ | ၅၀၈.၀၀ | ၄၉၅.၇၀ | ၄၉၅.၅၀ | ၀.၅၀ | -၀.၂၀ | ၁၂.၅၀ | - | ၄၉၈.၀၀ | ၃.၀၀ | ၂၉.၁၀.၂၀၁၃ |
| ၃၃ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၆.၀၀ | ၄၃၆.၇၀ | ၂.၇၀ | ၀.၇၀ | ၁၄.၃၀ | ၀.၃၉ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၄ | သဖန်းချောင်း | ရမည်းသင်း/ပျော်ဘွယ် | ၈၉၅.၀၀ | ၉၀၃.၀၀ | ၈၉၅.၃၀ | ၈၉၅.၂၀ | ၀.၂၀ | -၀.၁၀ | ၇.၈၀ | - | ၈၉၆.၄၀ | ၁.၄၀ | ၁၂.၁၀.၂၀၁၇ |
| ၃၅ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၄၀ | ၈၄၀.၂၀ | ၀.၂၀ | -၀.၂၀ | ၇.၃၀ | - | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ |
| ၃၆ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၈၀၁.၀၀ | ၇၈၈.၃၀ | ၇၈၈.၃၀ | ၀.၃၀ | ၀.၀၀ | ၁၂.၇၀ | - | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ |
| ၃၇ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၇၀ | ၇၂၂.၅၀ | ၀.၅၀ | -၀.၂၀ | ၁၂.၅၀ | - | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ |
| ၃၈ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၆၀ | ၆၄၅.၄၀ | ၀.၄၀ | -၀.၂၀ | ၁၂.၆၀ | - | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ |
| ၃၉ | ပင်းချောင်း | ညောင်ဦး/ကျောက်ပန်းတောင်း | ၇၉၀.၀၀ | ၈၀၃.၀၀ | ၇၉၀.၃၀ | ၇၉၀.၂၀ | ၀.၂၀ | -၀.၁၀ | ၁၂.၈၀ | - | ၇၉၂.၇၀ | ၂.၇၀ | ၂၂.၉.၂၀၀၂ |
| | | **နေပြည်တော်** | | | | | | | | | | | |
| ၄၀ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၈.၄၇ | ၆၂၇.၆၅ | ၄.၂၆ | -၀.၈၂ | ၃၈.၃၉ | - | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ |
| ၄၁ | လေိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၅၀ | ၅၃၅.၄၀ | ၀.၄၀ | -၀.၁၀ | ၁၉.၆၀ | - | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ |
| | | **မွန်ပြည်နယ်** | | | | | | | | | | | |
| ၄၂ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၅၀ | ၉၆.၂၅ | ၀.၂၅ | -၀.၂၅ | ၉.၂၅ | - | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ |
| ၄၃ | ကဇိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၅၅ | ၅၈.၅၅ | ၀.၅၅ | ၀.၀၀ | ၉.၄၅ | ၀.၄၃ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ |
| | | **ရခိုင်ပြည်နယ်** | | | | | | | | | | | |
| ၄၄ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၁.၄၀ | ၀.၀၀ | ၈.၆၀ | - | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | | | | | |
| ၄၅ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၈.၀၀ | ၂၁၇.၈၅ | ၁.၈၅ | -၀.၁၅ | ၈.၁၅ | ၀.၁၀ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ |
| ၄၆ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၉၀ | ၁၀၉.၇၀ | ၂.၇၀ | -၀.၂၀ | ၁၀.၃၀ | ၀.၁၈ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ |
| ၄၇ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၇၀ | ၁၉၆.၇၀ | ၁.၇၀ | ၀.၀၀ | ၈.၃၀ | - | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၄၈ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၂၁၂၅.၀၀ | ၂၁၄၀.၀၀ | ၂၁၂၆.၉၀ | ၂၁၂၆.၉၀ | ၁.၉၀ | ၀.၀၀ | ၁၃.၁၀ | - | ၂၁၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ |
| ၄၉ | မြို့ကြီး | တောင်ကြီး/ရွှာင် | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၁.၅၀ | ၆၉၁.၅၀ | ၂.၅၀ | ၀.၀၀ | ၂၂.၅၀ | ၀.၃၁ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ |
| | | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | | | | | | |
| ၅၀ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၅၀ | ၀.၀၀ | ၁၃.၅၀ | - | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅၁ | ကွန်ချောင်း | ဟင်္သာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၉.၃၀ | ၂၇၈.၅၀ | ၁.၅၀ | -၀.၈၀ | ၈.၅၀ | - | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ |
| ၅၂ | မမြ | ဟင်္သာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၇.၈၀ | ၃၁၇.၁၀ | ၂.၁၀ | -၀.၇၀ | ၁၂.၉၀ | ၀.၉၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ |
| ၅၃ | နန်ကသူ | ဟင်္သာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၂.၆၀ | ၂၆၂.၄၀ | ၂.၄၀ | -၀.၂၀ | ၁၂.၆၀ | ၀.၇၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ |
| ၅၄ | ကညင် | ဟင်္သာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၉၁.၇၀ | ၂၉၁.၀၀ | ၃.၀၀ | -၀.၇၀ | ၁၇.၀၀ | ၁.၀၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ |

ရေကျော်ရေလှောင်တမံ(၅၄)ခုရှိပါသည်။ ယခင်နေ့ထက် မြောက်ယမားနှင့်ဝန်ချောင်း(ကဗွန်းမ)ရေလှောင်တမံ(၂)ခုတိုးလာ၍ ငမင်နှင့် မုံရေထိန်းတမံ(၂)ခု လျော့နည်းခြင်းဖြစ်ပါသည်။

ကန်ရေပြည့်ရေလှောင်ပမာဏထက်ပို၍ ရေပိုမိုသိုလှောင်ထားသောရေလှောင်တမံ(၂)ခုရှိပါသည်။ လိုင်ဗားနှင့် ဂမုန်းရေလှောင်တမံတို့တွင် ကန်ရေပြည့်ရေလှောင်ပမာဏထက် ရေပိုမိုသိုလှောင်ထားပါသည်။

မိုးရေချိန်(၂)လက်မနှင့်အထက်ရှိသော ရေလှောင်တမံမရှိပါ။

# နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာ ၁၃ ရွာကို လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးလျက်ရှိ

လယ်ဝေး စက်တင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၌ စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေးဝဲယာရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့သောကြောင့် လျှပ်စစ်မီးများပြတ်တောက်ခဲ့ရသည်။



အဆိုပါရေကြီးနစ်မြုပ်သည့်ကျေးရွာများတွင်ပါဝင်သည့် လက်ပံတန်း၊ ကြို့ပင်သာ၊ သစ်ခေါက်ခွ၊ ကြို့တန်း၊ ဆီဆုံကုန်း၊ ပေါက်မြိုင်၊ ရေလဲပေါက်၊ ဘို့ကိုးလုံး၊ ရေနီလေး၊ မြောင်းမြ၊ အင်ပင်တဲစု၊ နှစ်ဆောင်မြိုင်နှင့် ညောင်ပင်အိုင်ကျေးရွာတို့၌ စက်တင်ဘာလ ၁၂ ရက်မှစတင်၍ ဓာတ်အားပြတ်တောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဓာတ်အားပြတ်တောက်ခဲ့သည့် ကျေးရွာများကို စက်တင်ဘာလ ၁၆ ရက်မှစတင်၍ ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေးအတွက် သာဝတ္ထိလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာ ၁၃ ရွာကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# ဓာတ်မြေဩဇာလက်လီလက်ကားဖြန့်ဖြူးရောင်းချသည့် ဆိုင်များအား သတ်မှတ်ရည်ညွှန်းစျေးနှုန်းများဖြင့် ရောင်းချခြင်းရှိ မရှိစစ်ဆေး

ဆိပ်ဖြူ စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့၌ ဓာတ်မြေဩဇာ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချသည့် ဆိုင်များအား ဒေသအလိုက် သတ်မှတ်ရည်ညွှန်းစျေးနှုန်းများဖြင့် ရောင်းချခြင်းရှိ/မရှိကို မြို့နယ်ယူရီးယားဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီမှတာဝန်ရှိသူများက စက်တင်ဘာလ ၂၅ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစည်သူနေမျိုး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတာဝန်ခံ ဦးဇော်နေလင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးမှူး ဦးမင်းစည်သူတို့ ပူးပေါင်း၍ ရွှေဟင်္သာ၊ သဇင်၊ ပြည်ဟိန်းထွန်းစိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်တို့တွင် ယူရီးယားဓာတ်မြေဩဇာများကို ဒေသအလိုက် သတ်မှတ်ရည်ညွှန်းစျေးနှုန်းများဖြင့်ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးသည်။

ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနမှ စိုက်ပျိုးရေးသုံးပစ္စည်းများကို စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ရောင်းချနိုင်ရေး အသိပညာပေးခြင်းများဆောင်ရွက်ကြောင်း သိရသည်။

**ညွှန့်နန္ဒာတင်**



# AFF Shopee Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက အင်ဒိုနီးရှားကလပ် PSM Makassar အသင်းကို ၄ ဂိုး ၃ ဂိုးဖြင့်ရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၂၆

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)က ကြီးမှူးကျင်းပလျက်ရှိသည့် AFF Shopee Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် စက်တင်ဘာလ ၂၅ ရက် ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလစ်ပါပန်မြို့ရှိ Batakan Stadium ၌ အင်ဒိုနီးရှားကလပ် PSM Makassar အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ PSM Makassar အသင်းက ၄ ဂိုး ၃ ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက အဓိကကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး PSM Makassar အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားခဲ့သော်လည်း ဟယ်ဂျီတာနှင့် အလိုစီယိုနက်တိုတို့က PSM Makassar အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ရီနာတာယိုက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် PSM Makassar အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဖောလ်က PSM Makassar အသင်းအတွက် ဦးဆောင်ဂိုးတစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ပြီး မာ့ခ်ဆာကီနှင့် ဘာကာယိုကိုတို့က ရှမ်းယူနိုက်တက်အသင်းအတွက်ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း အချိန်ပို ၁ မိနစ်တွင် ရာဟာမန်းက PSM Makassar အသင်းအတွက် ဦးဆောင်ဂိုးတစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် PSM Makassar အသင်းက ရှမ်းယူနိုက်တက်အသင်းကို ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**စည်သူအောင်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**


၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၇၁၃၉၁)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၈၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီးနှင့် Dagon Tawwin Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၄၅၅၃၉၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၂၅ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာ၌ တရားမဝင်အခြားသစ် (၃ ဒသမ ဝ၉၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၇၆ဝ)ကို သစ်တောဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ (၃)မိုင် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၈၂၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၁၉၇၆ဝ)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင်လမ်း၊ မိုင်တိုင်အမှတ် (၂၁)အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၈၉၇၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၈၉၇၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၀၆) ရပ်ကွက်၊ ရိုးမလမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်အခြားသစ် (၈ ဒသမ ၂၇၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၅၇၆ဝ)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်နှင့်တောင်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၂) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၄၈၅၇၆ဝ)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ စွမ်စော်(၁)လမ်းအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန် ပစ္စည်း (၁၃)မျိုး**စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၂၆ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၁၂၅)ဂါလန်၊ ဓာတ်ဆီ (၂၁)ဂါလန်နှင့် ဆက်စပ်ပစ္စည်း(၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၁၀၉၄၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ ပခုက္ကူခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၂၄၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာလ ၂၄၊ ၂၅ နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၄၂၁၆၃၁)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့ သည့် “@..thuar.minzaw” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်နေ သူရဇော်ဦး (ခ)ကထီးအား နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# လှိုင်ကော်မြို့ ရေဘေးကူညီမှုများကို ထိန်းချုပ်ထားကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

ကယားပြည်နယ်၊ လှိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့သည့်ပစ္စည်းများကို ထိန်းချုပ်ထားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လှိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်များကို လှိုင်ကော်မြို့ရှိ တာဝန်ရှိသူများက စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လူမှုရေးအဖွဲ့ အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာရှင်/အလှူရှင်များကလှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ်လိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများထံသို့ နည်းလမ်းမျိုးစုံဖြင့် ပေးပို့လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာ




များက ထိုသို့ရေဘေးကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေမှုများကို ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိလုပ်ကြံရေးသားပြီး ဝါဒဖြန့်နေကြောင်း၊ လှိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။ (၁၀၀)


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သိရိရတနာလမ်း၊ ခွာညိုပန်းအပိုင်းအနီး၊ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် -နေပြည်တော် -တောင်ကြီး -မုံရွာ -မန္တလေး -ပြင်ဦးလွင် -ကျောက်ပန်းတောင်း -ချောက် -ဆိပ်ဖြူ -ပုဂံ(ညောင်ဦး) -ပခုက္ကူ၊
မကွေး -မိတ္ထီလာ -မြင်းခြံ -ပုသိမ် -မော်လမြိုင် -သံဖြူဇရပ် -ကျိုက္ကမီ -တောင်ငူ -ဆွာ -ရေနီ -ပဲခူး -ညောင်လေးပင် -ဘားအံ -မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
We Protect The Family
INSURANCE SERVICES
SERVICES
MEDICAL
NATURAL CALAMITY
EDUCATION
FAMILY LIFE
SENIORS LIFE
RESIDENCE
AUTO & CAR
TRAVEL
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

- စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...
- စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်. . .
- တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...
- ဖတ်ရှုသည့်စာကိုဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...
- စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တနင်္သာရီတိုင်းဒေသကြီး၊ ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ်၊ ရေဖြူနှင့်ထားဝယ်ဘူတာကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတားအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီး

နေပြည်တော် စက်တင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး၊ ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ်၊ ရေဖြူဘူတာနှင့် ထားဝယ်ဘူတာအကြား၊ မိုင်တိုင်အမှတ် ၃၆၄/၁၁-၁၂ ရှိ တံတားအမှတ်(၆၀၆)၊ မောင်မယ်ရှောင်တံတားအား စက်တင်ဘာလ ၂၅ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီးမှုကြောင့် တံတား၏အောက်ခံကန့်လန့်ဖြတ်သံပေါင် (၂)ချောင်း၊ အလျားလိုက်သံပေါင် (၂)ချောင်း၊ ၇၅ ပေါင်သံလမ်း(၂)ချောင်း၊ သံလမ်းထိန်း Guard Rail (၂)ချောင်းနှင့် တံတားအထူးသစ်သားဇလီဖားများပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ပျက်စီးချို့ယွင်းမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း(၇၉)ကြိမ်၊ ရထားတံတား/သံလမ်းများအား

စာမျက်နှာ ၂၃ ကော်လံ ၁ ◆



ရေး- ထားဝယ်ရထားလမ်းပိုင်းအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၊ ရေဖြူနှင့်ထားဝယ်ဘူတာကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတား မိုင်းခွဲဖျက်ဆီးခံထားရမှုအခြေအနေကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆောင်းပါး


ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး

စာ - ၁၃ သို့

ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီ(၁၃၇)ခုအနက် ပို့ကုန်ရငွေစာရင်းရှင်းလင်းပြီးသောကုမ္ပဏီ(၅၉)ခုနှင့် ယင်းကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းမှပယ်ဖျက်ကြောင်း ကြေညာချက်

စာ - ၈ သို့

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257